# မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး

## မြန်မာနိုင်ငံအစီရင်ခံစာ

ဒီဇင်ဘာလ ၂၀၁၇ ခုနှစ်



၂၀၁၇ ခုနှစ်အတွက် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်း
များ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ ပါဝင်သည်။

LANDMINE & CLUSTER MUNITION MONITOR

# အစီရင်ခံစာအကြောင်း

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများစောင့် ကြည့် လေ့လာရေးအဖွဲ့သည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုတားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်း အဖွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ မြေမြုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)အား ကမ္ဘာအဂုမ်းလူသတ်မိုင်းများ ရှင်းလင်း ပပျောက်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည်နိုင်ငံပေါင်း(၇၀) နိုင်ငံတွင် ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်း ပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် ငြိမ်းချမ်းရေး နိဘယ်လ် ဆုရခဲ့သည်။ ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ အသုံးပြုမှုတားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်ကြောင့် နောက်ဆက်တွဲထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက် များကြောင့် အတိ ဒုက္ခရောက်မှုများကို ထာဝရ အဆုံးသတ်စေရန် စသည်တို့ အတွက် ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်နေသော နိုင်ငံတကာ စည်းရုံး လှုံ့ဆော်ရေး အဖွဲ့ကြီး ဖြစ်သည်။

မြေမြုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့ သည် ၁၉၉၇ခုနှစ် အိုတာဝါ သဘောတူစာချုပ်မိုင်း အသုံးပြုမှု ပိတ်ပင် တား မြစ်ခြင်း သဘောတူစာချုပ်အား အကောင် အထည်ဖော်ခြင်းနှင့် ပတ်သက်၍ မှတ်တမ်းတင်သည်။ ထို့အပြင် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အဖွဲ့ သည် ၂၀၀၈ခုနှစ်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူချုပ် အကောင် အထည်ဖော်မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာ သည့် အကြပ်အတည်းများအပေါ် နိုင်ငံတကာအသိုင်းအဝန်းက တုန့်ပြန် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လည်း စောင့်ကြည့်လေ့လာသည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာလ (၁)ရက်နေ့အထိ ကမ္ဘာ အစိုးရစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံပေါင်း ၁၆၂ နိုင်ငံက မြေမြုပ်မိုင်း အသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၁၉ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုတာမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေး ထိုးခြင်း မပြုသေးပေ။

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါ အချက်များ မှန်ကန်ခြင်း ရှိမရှိ စစ်ဆေးသောအဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်း စစ်ဆေးရေး အဖွဲ့လည်းမဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများသည် လူသတ်မိုင်း ဆန့်ကျင် တိုက်ဖျက်ရေးတာဝန်ရှိမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်အားလက်မှတ်ရေးထိုးထားသော တိုင်းပြည်များအနေဖြင့် အစီရင်ခံ တင်ပြခြင်းစည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်း လည်း ဖြစ်သည်။ မိမိတို့အစီရင်ခံစာသည် မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ပြဿနာ၏ အခြေအနေကို ပိုမိုထင်သာမြင်သာဖြစ်လာစေရန်၊ လက်မှတ်ရေး ထိုးထားခြင်းမရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်)လုပ်ဟန်များကို ပိုမိုသိရှိ လာစေရန် အတွက်ရည်ရွယ် သည်။

မြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြုပ်မိုင်း ကင်းစင်သော ကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက် အောင်မြင်စေရန်အတွက် လူ့အဖွဲ့အစည်းအတွင်းပိုမိုသိရှိ နားလည်လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိလာစေရန် ရည်ရွယ်သည်။

မြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာကြီးတခုလုံး အကျိုးဖြစ်ထွန်း စေလိုသည့် အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသော ကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်း အချက်အလက်များအတွက်သာ ဦးတည် လုပ်ဆောင်သည်။ ၎င်းမှတ်တမ်းများနှင့်သုံးသပ်ချက်များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက်များ သာဖြစ်သည်။

၂၀၁၅ခုနှစ်မြန်မာနိုင်ငံဆိုင်ရာမြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ် အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်း အားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုး ကူညီမှုများကိုလည်း အထူးအသိအမှတ်ပြုပါသည်။ ယခုအကြောင်းအရာများနှင့်ပတ်သက်၍မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေးကြရန် အတွက်လည်း တောင်းဆိုလိုက်ပါသည်။ burma@icblcmc.org သို့ဆက်သွယ်နိုင်ပါသည်။ အစီရင်ခံစာပါ သတင်းအချက်အလက် များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

---

မျက်နှာဖုံးဓါတ်ပုံ။ ဘင်္ဂလားဒေ့ရှ် - မြန်မာနယ်စပ်တွင် ဒုက္ခသည်များ
တူးဖေါ်ရရှိခဲ့သော PMN အမျိုးအစား လူသတ်မိုင်း ၂ လုံး။

ဓါတ်ပုံသည် ဒုက္ခသည်များ လက်ကိုင်ဖုန်းနှင့်ရိုက်ကူးသော ဗွီဒီယိုမှ ရယူသည်။ မိုင်းထိခိုက် ခံရသူများ၏ ရုပ်ပုံများ၊ နောက်ထပ် ထိခိုက်နာကျင်မှု မဖြစ်စေရန် စနစ်တကျ လေ့ကျင့် ပေးထားခြင်းမရှိသော ဒေသခံပြည်သူများက အန္တရာယ်ပြွန်းသောမိုင်းကို တူးဖော်နေသည့်ပုံများ ပါဝင်သည်။ ဗွီဒီယိုဖိုင်ကို Frontier မဂ္ဂဇင်းမှ Monitor သို့ ပေးပို့သည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုပါသည်။

International Campaign to Ban Landmines

၁၉၉၇ ငြိမ်းချမ်းရေးနိဘယ်လ်ပူးတွဲဆုရှင်


မြန်မာနိုင်ငံမြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့

**www.the-monitor.org | www.burma.icbl.org**

## မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူ စာချုပ်ကို သဘောတူ လက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။[1] မြန်မာနိုင်ငံသည် မြေမြုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောတူ စာချုပ်ကိုထောက်ခံကြောင်း အချိန်အခါသင့်သလို ဖေါ်ပြပြောဆိုသော်လည်း လက်ခံကျင့်သုံးရန်အတွက် တစုံတရာ ဆောင်ရွက်ခြင်း မရှိသေးပေ။

၂၀၁၇ ခုနှစ် ဩဂုတ်လ မှ စက်တင်ဘာလအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ထိစပ်နေသော နယ်စပ်တလျှောက် မြန်မာအစိုးရ တပ်ဖွဲ့များက မြေမြုပ်မိုင်းအသစ်များ ထောင်ထားခြင်းကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးသူ ရိုဟင်ဂျာအရပ်သားများအကြား မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်စေသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှုံ့ချပြောဆိုမှုများ ရှိနေသည်။ ကန့်သတ် တားမြစ်ထားသော မိုင်းလက်နက် အသုံးပြုခြင်းကြောင့် မြေမြုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောတူ စာချုပ်တွင် မြန်မာနိုင်ငံ၏ ပါဝင်လိုကြောင်း ဆန္ဒထုတ်ဖော်ပြောဆိုမှုနှင့်ပတ်သက်၍ ရိုးသားမှုအပေါ် မေးခွန်းများ ရှိလာကြသည်။ (အောက်ပါ အခန်းကိုရှု)။

မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံ မြို့တော်သစ် နေပြည်တော်သို့ ၂၀၁၇ ခုနှစ် ဖွန်လတွင် သွားရောက်လည်ပတ်ခဲ့စဉ်က နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများက စောင့်ကြည့်ရေးအဖွဲ့ ကိုယ်စားလှယ်များကို ၎င်းတို့အစိုးရသည် မြေမြုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်ကို သဘောတူ လက်ခံရန် တက်တက်ကြွကြွ ထည့်သွင်းစဉ်းစားနေကြောင်းနှင့် ဝန်ကြီးဌာနနှစ်ခုစလုံးသည် သဘောတူ လက်ခံနိုင်ရေး အတွက် အသေးစိတ်လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ပြောဆိုခဲ့ကြသည်။ မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင် တားဆီးခြင်း သဘောတူစာချုပ်သို့ မြန်မာနိုင်ငံ သဘောတူဝင်ရောက်နိုင်မည့် ခန့်မှန်းအချိန်ကိုတော့ အရာရှိများက ပေးခဲ့ခြင်း မရှိပေ။[2]

မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း သို့မဟုတ် ၂၀၁၇ ခုနှစ် ပထမ နှစ်ပတ်လည်အထိ မြေမြုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ် နှင့်ပတ်သက်သော တရားဝင်လူသိရှင်ကြား ထုတ်ပြန်ချက်များ ထုတ်ပြန် ပြောဆိုခဲ့ခြင်း မရှိခဲ့ပေ။

ယခင် ၂၀၁၂ ခုနှစ် ဇူလိုင်လတုန်းက မြန်မာနိုင်ငံသည် မြေမြုပ်မိုင်းတားဆီး ပိတ်ပင်ခြင်း သဘောတူစာချုပ်ကို သဘောတူလက်ခံရန် စဉ်းစားနေကြောင်း နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ထုတ်ဖေါ် ပြောဆိုခဲ့ဖူးသည်။[3]

၂၀၁၆ခုနှစ်ဖွန်လတွင် အာဏာရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင်တစ်ဦးက မြေမြုပ်မိုင်း အသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းကို၎င်းတို့ပါတီ၏မူဝါဒတွင်ထောက်ခံပါကြောင်း စောင့်ကြည့်လေ့လာရေး အဖွဲ့သို့ ပြောကြား ခဲ့သည်။[4] ၂၀၁၇ခုနှစ်ဇူလိုင်လတွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အစည်းအဝေး များတွင် ဟောပြောသူအများစုက မြေမြုပ်မိုင်းအသုံးပြုမှု ရပ်တန့်ရန် နှင့် မြေမြုပ်မိုင်းများ ရှင်းလင်းရန် တောင်းဆို ခဲ့ကြ သည်။.[5]

---

[1] ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်း အတိုင်းခေါ်ဝေါ်ကြသလို အာဏာရ ပြည်ခိုင်ဖြိုး အစိုးရက အသံထွက်အတိုင်းခေါ်ဆိုသည့် အသုံးအနှုန်းကိုလည်း ကွင်းစ ကွင်းပိတ်နှင့် ဖေါ်ပြသုံးစွဲမှုမျိုး လည်း ရှိသည်။ ဥပမာ ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) က အသုံးပြုသည့် အမည်များအတိုင်း မြို့နယ် အမည်များကို စတင်အသုံးပြုသည်။ ပိုမိုသိရှိလိုပါက www.themimu.info တွင်ကြည့်ပါ။ MINU website.

[2] Landmine Monitor အစည်းအဝေးများ၊နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာအဖွဲ့အစည်းများညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်း၊နေပြည်တော်၊၂၀၁၇ ဖွန် ၂၆၊ ဒုဗိုလ်မှူးကြီး မျိုးဝင်းအောင်၊ စစ်ဥပဒေချုပ်ရုံး၊ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊၂၀၁၇ ဖွန် ၂၆။

[3] ၂၀၁၂ ခုနှစ် ဇူလိုင်လ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကျင်းပစဉ် (၁၁)ကြိမ်မြောက် စာချုပ်အဖွဲ့ဝင်များ၏ အစည်းအဝေး သဘာပတိ Prak Sokhonn အား ဦးဝဏ္ဏမောင်လွင်က အထက်ပါအတိုင်း ပြောခဲ့ခြင်း ဖြစ်သည်။ ''မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းများ အသုံးပြုမှုပိတ်ပင် တားဆီးခြင်း သဘောတူစာချုပ် လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရေးယူနစ်။ ၁၂ ဇူလိုင် ၂၀၁၂။

[4] Monitor အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် အင်တာဗျူး။ အဖွဲ့ချုပ် ဌာနချုပ်၊ရန်ကုန် ၂၀၁၆ ဖွန် ၆။ interv

[5] ဥပမာ တွင် ရှု "Discussion on the peace: union peace conference—21st century panglong continues," Global New Light of Myanmar, 2 September 2016, p. 2; "The Union Peace Conference—21st Century Panglong," Global New Light of Myanmar, 4 September 2016, p. 4; and Saw Nyunt Thaung, "Panglong fails to address need for landmine clearance agreements," Karen News, 30 May 2017.

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ၂၀၁၇ ခုနှစ် မတ်လ အစီရင်ခံစာတွင် မြန်မာနိုင်ငံကို ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်သို့ ဝင်ရောက်ရန် ကမ်းလှမ်းခဲ့သည်။[6]

၂၀၁၆ ဒီဇင်ဘာလ ၅ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၇၁/၃၄ တွင် မြန်မာနိုင်ငံက မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ထိုဆုံးဖြတ်ချက်က မြေမြုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်ကို ကမ္ဘာအဝှမ်းလွှမ်းခြုံရေးအတွက် တောင်းဆိုခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို ထောက်ခံသော အထွေထွေညီလာခံ နှစ်စဉ်ဆုံးဖြတ်ချက်အားလုံးကို မြန်မာနိုင်ငံက မဲမပေး ကြားနေ နိုင်ငံ အဖြစ် ရပ်တည်လာခံသည်။[7]

မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်မှစ၍ မြေမြုပ်မိုင်း အသုံးပြုမှုတားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။[8] မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် ပြန်လည်သုံးသပ်ခြင်း ညီလာခံသို့ တကြိမ်မှ တက်ရောက်ခဲ့ဖူးခြင်း မရှိပေ။[9]

မြန်မာနိုင်ငံသည် ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ် မေလ ဂျနီဗာတွင် ကျင်းပသော ကဏ္ဍစုံအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း မြေမြုပ်မိုင်းအခြေအနေနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကိုယ်စားလှယ်က သီးခြား ICBL အစည်းအဝေးတွင် ရှင်းလင်းပြောပြခဲ့သည်။

၂၀၁၇ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် ကရင်ပြည်နယ် ဘားအံမြို့များ၌ နိုင်ငံတကာ မိုင်းအရေး ဆောင်ရွက်မှု လူထုပညာပေးခြင်းနှင့် အကူအညီရရှိရေးနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပခဲ့သည်။[10] ထိုလတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်အကြား နှစ်နိုင်ငံနယ်စပ်တလျှောက် လက်လုပ်မိုင်းများ ဖယ်ရှားခြင်း အပါအဝင် မြေမြုပ်မိုင်းများ ဖယ်ရှားရေး သဘောတူညီချက်တစ်ခုကို အပြီးသတ် လက်မှတ်ရေး ထိုးခဲ့ကြသည်။[11]

၂၀၀၃ ခုနှစ်မှစ၍ မြေမြုပ်မိုင်းအသုံးပြုမှုတားပိတ်ပင်ခြင်း နိုင်ငံတကာလှုပ်ရှားမှု (ICBL) သည် မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းအသုံးပြုမှု အဆုံးသတ်ရေးကို ဦးတည်သော အမျိုးသားအဆင့် လှုပ်ရှားမှုကို ဆောင်ရွက်လာခဲ့ပြီး မြေမြုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်တွင် မြန်မာနိုင်ငံ သဘောတူလက်ခံရန်ကိုလည်း အားပေးလာခဲ့သည်။[12] ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ မိုင်းကင်းစင်ရေးအဖွဲ့ က ၂၀၁၆ ခုနှစ် မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေး မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာကို ထုတ်ဝေသော သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပြီး ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတဆင့် မြန်မာဘာသာဖြင့်ပြန်ဆိုပေးထားသော အစီရင်ခံစာ စာအုပ် ၁၂၀၀ ကို ဖြန့်ချိခဲ့သည်။ [13] ၂၀၁၇ ခုနှစ် ဇွန်လတွင် မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ကုလသမဂ္ဂသည် မြန်မာနိုင်ငံ အတွင်း မြေမြုပ်မိုင်းအသုံးပြုမှု သတ်ရောက်မှုရှိသော သတင်းပုံကားချပ်တစ်ခု ထုတ်ဝေခဲ့သည်။ [14]

---

[6] လူ့အခွင့်အရေးကောင်စီ၊"Situation of human rights in Myanmar," A/HRC/34/67, 14 March 2017, p. 23, Annex, para. xii.

[7] ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် လူသတ်မြေမြုပ်မိုင်းများ တားမြစ်ပိတ်ပင်ခြင်း နိုင်ငံတကာသဘောတူစာချုပ်တစ်ခုကို အစိုးရများက အရယူရန် တောင်ဆိုသော UNGA ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သည်။

[8] မြန်မာနိုင်ငံသည်၂၀၁၁၊၂၀၁၂၊၂၀၀၆၊၂၀၀၃ ခုနှစ်တွင် ကျင်းပသော သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

9 မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မိုဇမ်ဘစ်နိုင်ငံ မပူတိုတွင်ကျင်းပသော မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ရေးသဘောတူစာချုပ်၏ တတိယအကြိမ်ညီလာခံ၊၂၀၀၉ ခုနှစ် ကိုလမ်ဘီယာနိုင်ငံ၊ကာတာဂီနာနိုင်ငံတွင်းကျင်းပသော ဒုတိယအကြိမ်ပြန်လည်သုံးသပ်ခြင်းညီလာခံ သို့မဟုတ် ၂၀၀၄ ခုနှစ်ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့တွင် ကျင်းပသော ပထမအကြိမ် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးသို့ တက်ရောက်ခြင်းမရှိခဲ့ပေ။

10 နေရိုင်းနှင့် ဇေယျာထွန်းတို့၏ ဆောင်းပါးများကို ရှု"US$6 million given for clearing land mines in four states and regions," Myanmar Eleven, 5 April 2017; "Mine squads wait to clear landmine at ceasefire regions," Myanmar Eleven, 6 April 2017; and "Kayin State officials hope to accelerate landmine clearance," Karen Information Center, 6 April 2017.

11 "BD, Myanmar agrees to remove land mines from border," The Financial Express (Dhaka), 6 April 2017.

12ယခင်က Initially known as "Halt Mine Use in Burma/Myanmar," ဟု လူသိများသည်။ "Mine-Free Myanmar." ဟုလည်းခေါ်သည်။

13 "Press Conference in Yangon disseminates 2016 country report of Landmine Monitor," 27 December 2016. Audio recording of the press conference and questions available with the link.

14 "Townships with Known Landmine Contamination (2016) and Casualties in Myanmar (as of Dec 2015)," United Nations Myanmar Information Management Unit (MIMU), 15 June 2017. Infographic provides a 10-year overview of data from the Landmine Monitor (2007–2016). MIMU reported to the Landmine Monitor that the landmine infographic has been one of their most requested products.

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်ရှိ နိုင်ငံပိုင်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ ကာကွယ်ရေး နှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍ မရသော အစိတ်အပိုင်း များအပါအဝင် ဖြန့်ထွက် လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[15] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ အာဏာပိုင် များသည် ၎င်းတို့သိုလှောင်သိမ်းဆည်းထားသော လူသတ်မိုင်းအရေအတွက်၊ အမျိုးအစားနှင့်ပတ်သက်သော သတင်း အချက်အလက်များ ထုတ်ပြန်ခြင်းမရှိသော်လည်း ဆက်လက် ထုတ်လုပ်နေကြောင်း အတည်ပြု ပြောကြားသည်။[16]

ပြည်တွင်းထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စုနှင့် တခြားအမည်မသိ စစ်လက်နက် ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဝယ်ယူ အသုံးပြုမှု ရှိသည်ဟု မြေမြုပ်မိုင်း အသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံတင်ပြခဲ့ဖူးသည်။[17]

အစိုးရလက်ဝယ်တွင် ရှိသော လူသတ်မိုင်းအမျိုးအစား သို့မဟုတ် အရည်အတွက် နှင့်ပတ်သက်၍ တရားဝင် ထုတ်ပြန်သော သတင်းအချက်အလက်မရှိပေ။ သို့သော် မြန်မာနိုင်ငံသည် မြေမြုပ်မိုင်းများစွာ သိုလှောင်ထား သော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ယုံကြသည်ရသည်။

မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ရောင်းချသည့် နိုင်ငံတခုအဖြစ် သတ်မှတ်ခံ ထားရခြင်းမရှိချေ။ [18]

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း*

KIO, KNLA, DKBA, ကရင်နီတပ်မတော် နှင့် ဝ အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း (NSAG) များစွာသည် နင်းမိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ မိုင်းများ ထုတ်လုပ်သည်။ တချို့အဖွဲ့များက ရှေ့ထွက်မိုင်း၊ ထောင်မိုင်းနှင့် ထောင်ချောက်မိုင်းများ ထုတ်လုပ်သည်။

အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ဒေသတွင်းရရှိသော ကုန်ကြမ်းများဖြင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်သည်။ ထိုမိုင်းများကို လက်လုပ်မိုင်းများဟုလည်း ခေါ်သည်။ လက်လုပ် လူတိုက်မိုင်းများကို လက်လုပ် လူသတ်မိုင်းများအဖြစ် သတ်မှတ်ပြီး မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကလည်း တားမြစ်သည်။ ၂၀၀၆ ခုနှစ်တွင် နိုင်ငံခြားသား ပညာရှင်တဦးနှင့် လေ့ကျင့်သင်ကြားထားသော KNLA တပ်ဖွဲ့များသည် နင်းမိုင်းများ ကိုယ်တိုင်ထုတ်၍ အသုံးပြုနိုင်သည်။[19] တချို့ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ရှေ့ထွက်မိုင်းများ ထုတ်လုပ်နိုင်ပြီး၊ အဝေးထိန်းကားမိုင်းများပါ ထုတ်လုပ်သည်။

မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်ထံမှ တိုက်ပွဲများအတွင်း သိမ်းယူခြင်းဖြင့် သော်လည်းကောင်း၊ တခြားသူများထောင်ထားသော မိုင်းများကို တူးဖော်ခြင်းမှ သော်လည်းကောင်း၊ မှောင်ခိုလက်နက်ဈေးကွက်များမှ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း မိုင်းများရရှိတတ်သည်။[20]

အစိုးရတပ်ဖွဲ့များသည် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များထံမှ နင်းမိုင်းနှင့် တခြား လက်နက်များ သိမ်းဆည်း ရမိကြောင်း ဆက်လက် အစီရင်ခံနေဆဲဖြစ်သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် အစိုးရတပ်ဖွဲ့များသည် ရှမ်းပြည်နယ်

[15] မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MM1 မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစား ရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

[16] ထူးသန့်၊ "တပ်မတော်ကဝန်းသည်မြေမြုပ်မိုင်းကို ဖြစ်နိုင်သမျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

[17] Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အီပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့် ဗြိတိန်လုပ် LTM-73, LTM-76

[18] ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဝင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာ လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

[19] ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် Wikileaks မှ ထုတ်ပြန်သော အမေရိကန်ကြေးနန်းများအရ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန် သံတမန်တဦးနှင့် အစည်းအဝေးတွင် ကရင်နိုင်ငံရေးသမားတဦးက "၂၀၀၅ခုနှစ်တွင် နိုင်ငံခြားသား ကျွမ်းကျင်သူတဦးက KNLA အား ဘောစိများ ထည့်၍ အသုံးပြုသော နင်းမိုင်းလုပ်နည်း သင်ပေးခဲ့သည်ဟု ဆိုသည်။ KNLA က ၎င်း၏ တပ်မဟာများသည် မြေမြုပ်မိုင်းအသစ်ထုတ်လုပ်နည်း ရရှိထားသည်ဟု ပြောဆိုသည်။ KNU နယ်မြေအတွင်းဝင်လာသော အစိုးရတပ်များအား နှောင့်ယှက်ရန်အတွက် အသုံးပြုခြင်းဖြစ်သည်ဟု KNLA အရာရှိများက ပြောဆိုသည်။ မိုင်းအသစ်များသည် ယခင် KNLA မိုင်းများထက်ပို၍ အန္တရာယ်များကြောင်း၊ လူကို သတ်ရန်မဟုတ် ကိုယ်အင်္ဂါထိခိုက်စေရန်သာ ရည်ရွယ်ကြောင်း အဆိုပါသတင်းအရင်းအမြစ်က ပြောဆိုသည်။" ''06RANGOON1767, BURMA REGIME AND KAREN MISTRUST CONTINUES," US Department of State cable dated 4 December 2006, released by Wikileaks on 30 August 2011.

[20] Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26 နင်းမိုင်းရှိသည်ဟု ဖေါ်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ ခုနှစ်တွင် လျှို့ဝှက် သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် တော်ဝင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများ ရရှိခဲ့သည်ဟု ဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်သို့ ထိုင်းနိုင်ငံမဝင်ရောက်ခင်က ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

မိုးကိုးဒေသမှ လက်လုပ်မိုင်းမျိုးစုံဖမ်းဆီးရမိခဲ့သည်။ သို့သော် မည်သည့်အဖွဲ့က ပိုင်သည်ကိုတော့ ရှင်းရှင်း မသိရပေ။[21] ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရတပ်ဖွဲ့များက ကိုးကန့်ဒေသလက်နက်ကိုင်တပ်ဖွဲ့များထံမှ POMZ လူသတ်မိုင်းများကို သိမ်းဆည်းရမိခဲ့သည်။[22]

## မိုင်းအသုံးပြုမှု

၁၉၉၉ ခုနှစ် ပထမအကြိမ် အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အစိုးရတပ်ဖွဲ့နှင့် အစိုးရ မဟုတ် သော တပ်ဖွဲ့များ၏ လူသတ်မိုင်းအသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ပထမသုံးလပတ်သတ်တမ်းအထိ လေ့လာထားသော ယခုအစီရင်ခံစာ ကာလအတွင်း မိုင်းအသုံးပြုမှုသည် ဆက်လက်ရှိနေဆဲဖြစ်သည်။

### *အစိုးရတပ်ဖွဲ့များ၏ နောက်ထပ် အသုံးပြုမှုအသစ်များ*

မြန်မာတပ်မတော်သည် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်များအတွင်း မြေမြှုပ်မိုင်းများ အသုံးပြုခဲ့သည်ဟု အစီရင်ခံစာ များက ညွှန်ပြသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် လွတ်လပ်သော အဖွဲ့အစည်းတော်တော်များများက မျက်မြင်သက်သေထွက်ဆိုမှုများ၊ ဓါတ်ပုံသက်သေခံ အထောက်အထားများပါဝင်သော သတင်းအရင်းအမြစ်များထံမှရရှိသော အချက်အလက်များအရ မြန်မာအစိုးရတပ်များသည် လွန်ခဲ့သော ရက်သတ္တပတ်များအတွင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် နင်းမိုင်းများ ထောင်ခဲ့သည်ဟူ၍ ညွှန်ပြခဲ့သည်။ မြန်မာအစိုးရတပ်ဖွဲ့များက ရိုဟင်ဂျာများအပေါ် တိုင်းရင်းလူမျိုးပြုန်း သတ်ဖြတ်မှု စစ်ဆင်ရေးစတင်သည့် ဩဂုတ် နောက်ပိုင်းတွင် မိုင်းအသုံးပြုမှုများ စတင်ခဲ့သည်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရိုဟင်ဂျာပြည်သူပေါင်း ၄၂၀၀၀၀ ကျော် အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ကြရသည်။ ဝင်ရောက်ခွင့်မရှိသော နယ်စပ်ဒေသတချို့တွင် မိုင်းအသုံးပြုမှု ဆက်လက်ရှိနေခြင်း ရှိမရှိကိုတော့ ရှင်းရှင်းလင်းလင်း မသိရပေ။[23]

မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ (Landmine Monitor) ၏ အဆိုအရ ဩဂုတ် ၂၈ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်လာသော အိုးအိမ်မဲ့ ရိုဟင်ဂျာအရပ်သားများကို ကူညီပေးသော၊ တွေ့ဆုံမေးမြန်းခဲ့ကြသည့် ဒေသခံ သုတေသီများက မြန်မာနိုင်ငံဖက်ခြမ်းတွင် စစ်ကားတစ်စီးရောက်လာပြီး သေတ္တာ သုံးလုံးကို စစ်သားများကားပေါ်ကချနေသည်ကို တပ်အပ်မြင်တွေ့ခဲ့ကြောင်း ပြောဆိုခဲ့သည်။[24] စစ်သားများသည် နင်းမိုင်းများကို သေတ္တာထဲမှ ထုတ်၍ မြေကြီးပေါ်တွင် ထောင်ကြကြောင်း၊ထို့နောက် ညဖက် ပြန်ရောက်လာချိန်တွင် နောက်ထပ် မိုင်းများ ထပ်ထောင်ကြကြောင်း ပြောဆိုခဲ့သည်။

သုတေသီများ၏ အဆိုအရ ထိုမိုင်းများသည် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲကျေးရွာစုအတွင်း ထောင်ထား သည်ဟု ဆိုသည်။ ထိုဒေသသည် ဘင်္ဂလားဒေ့ရှ် မိုင်တိုင်အမှတ် ၃၁ အနီးတွင်ရှိပြီး၊ မြန်မာ နှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ် အစနေရာဖြစ်သည်။ နောက်ပိုင်းရက်များတွင်လည်း မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုနေသည်ဟု သုတေသီများက Monitor သို့ ပြောဆိုခဲ့သည်။ မီးတိုက်၊ ငါးရုံချောင်း၊ လှိုင်းသီ၊ ဘောက်ရှုဘက် နှင့် အင်ဒူလာ မြို့နယ်များအတွင်း နယ်စပ်တလျှောက် အရှေ့မြောက်ဖက်အထိ ဖြစ်သည်။ ထိုနေရာသည် မြန်မာနိုင်ငံ (မောင်တောမြို့နယ်) နှင့် ဘင်္ဂလားဒေ့ရှ် (ဘန်ဒါဘန် ခရိုင်) အကြား ထိစပ်နေသော နေရာတွင် တည်ရှိသည်။

စက်တင်ဘာ ၅ ရက်နေ့တွင် ရိုက်တာ သတင်းအေဂျင်စီက နယ်စပ် သံစူးကြိုးအနီးတဝိုက် အလုပ်လုပ်ကိုင်သော အဖွဲ့ ၃ ဖွဲ့မှ ၄ ဖွဲ့သည် "မြေကြီးထဲတွင် တစ်ခုခုမြှုပ်နှံထားသည်" ကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့သေ ဘင်္ဂလားဒေ့ရှ် သတင်းအရင်းအမြစ်နှစ်ခုကို အခြေခံ၍ ထိုအရာသည် မြေမြှုပ်မိုင်းများဖြစ်မည်ဟု ရိုက်တာ သတင်းဌာနက ကောက်ချက်ချခဲ့သည်။[25] စက်တင်ဘာလ ၅ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးလာခဲ့သော ကလေးနှစ်ဦးသည် နယ်စပ်တွင် ၎င်းတို့ရှာတွေ့ခဲ့သော မြေမြှုပ်မိုင်းများ ဖျက်ဆီးရန် လုပ်စဉ် ထိခိုက်ဒဏ်ရာရခဲ့သည်။[26]

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာအစိုးရ လုံခြုံရေးတပ်ဖွဲ့များက နယ်စပ် တလျှောက် တွင် မြေမြှုပ်မိုင်းအသစ်များ ဆက်လက်အသုံးပြုခြင်းကြောင့် ကန့်ကွက်ခဲ့သည်။[27] ဘင်္ဂလားဒေ့ရှ်အစိုးရ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မြန်မာနိုင်ငံသည် ရိုဟင်ဂျာများ အကြမ်းဖက်ခံရမှုမှ ထွက်မပြေးနိုင်ရန် နယ်စပ်တွင် မြေမြှုပမိုင်းများ

21 "Landmines, ammunition seized," *Global New Light of Myanmar*, 26 December 2016.

22 "Drugs, weapons and ammunition seized from Kokang renegade groups," Global New Light of Myanmar, 27 February 2016.

23 HRW, "Live updates: Rohingya Crisis," ongoing blog (undated).

24 Email and phone interviews with researchers working with an NGO who wished to remain anonymous, 17 September 2017.

25 Krishna N Das, "Exclusive: Bangladesh protests over Myanmar's suspected landmine use near border," Reuters, 5 September 2017; and Ananya Roy, "Bangladesh accuses Myanmar government of laying landmines near border," International Business Times, 6 September 2017.

26 S. Bashu Das, "2 Rohingya children injured in landmine blast near Naikhongchhari border," Dhaka Tribune, 5 September 2017.

27 Krishna N Das, "Exclusive: Bangladesh protests over Myanmar's suspected landmine use near border," Reuters, 5 September 2017.

ထောင်နေသည်ဟု စွတ်စွဲခဲ့သည်။[28] မြန်မာအစိုးရစစ်တပ်သည် " ဘင်္ဂလားဒေ့ရှ် - မြန်မာနယ်စပ် နေရာတချို့တွင် မိုင်းများထောင်ထားသည်ဟူသော " ခိုင်လုံသည့် သတင်းအချက်အလက်" များကို ဘင်္ဂလားဒေ့ရှ်အစိုးရက လက်ခံရရှိခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ရှာဟိဒူ ဟာကွီက အင်တာဗျူးတစ်ခုတွင် ပြောဆိုခဲ့သည်။[29]

မြန်မာအစိုးရစစ်တပ် စစ်သားများနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များအပါအဝင် အစိုးရ စစ်တပ်သည် ဘင်္ဂလားဒေ့ရှ် နယ်စပ်အနီးတွင် နင်းမိုင်းများ အသုံးပြုသည်ကို မြင်တွေ့ခဲ့သော မျက်မြင်သက်သေများစွာနှင့် စကား ပြောဆိုခဲ့သည်ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက စက်တင်ဘာလ ၉ ရက်နေ့တွင် ထုတ်ပြန်ပြော ဆိုခဲ့ သည်။ [30]

မြန်မာအစိုးရစစ်သားများသည် ရိုဟင်ဂျာအများစုနေထိုင်သော ရိုဟင်ဂျာကျေးရွာများကို မတိုက်ခိုက်ခင် ရခိုင်ပြည်နယ် မြောက်ဖက်ခြမ်းတွင် လူသတ်မိုင်းများ အရင်ထောင်ခဲ့သည်ဟု  လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က စက်တင်ဘာ ၂၃ ရက်နေ့တွင် အစီရင်ခံခဲ့သည်။[31] အစိုးရစစ်တပ်သည် ကျေးရွာများသို့ ဝင်ရောက်တိုက်ခိုက်စဉ် လမ်းမများပေါ်တွင် လူသတ်မိုင်းများထောင်နေသည်ကို သူတို့ တွေ့ခဲ့သည်ဟု ရခိုင်ပြည်နယ်၊ဘူးသီးတောင် နှင့် ရသေ့တောင်မြို့နယ်မှ ရိုဟင်ဂျာဒုက္ခသည်များက HRW သို့ ပြောဆိုခဲ့သည်။ မြန်မာအစိုးရ စစ်သားယူနီဖောင်း ဝတ်ထားသော အမျိုးသားတချို့သည် တောင်ပြိုလက်ယာ မြောက်ဖက်ပိုင်း၊ မြေကြီးပေါ်တွင် တစုံတရာလုပ်နေသည်ကို မြင်ခဲ့ရကြောင်း တခြား ရိုဟင်ဂျာဒုက္ခသည် နှစ်ဦးက HRW သို့ ပြောကြားခဲ့သည်။ စက်တင်ဘာလ ၄ ရက်နေ့တွင် တခြားသူတစ်ဦး ကလည်း စစ်ကြောင်းနားနေစဉ် စစ်သားများသည် အနည်းဆုံးနှစ်ကြိမ်ခန့် မြေကြီးပေါ်တွင် ဒူးထောက်၍ ဓါးဖြင့် မြေကြီးကို တူးဆွကာ မြေကြီးအတွင်းသို့ အမဲရောင်အရာများ ထားခဲ့သည်ဟု ပြောဆိုခဲ့သည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာအဖွဲ့ကြီး (AI) နှင့် HRW တို့သည် ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် အသုံးပြုသော မိုင်း ဓါတ်ပုံများကို ပြန်လည်သုံးသပ်ကြည့်ရာတွင် ထိုမိုင်းများသည် PMN – 1 အမျိုးအစား လူသတ်မိုင်းများဖြစ်သည်ကို မြင်တွေ့ရသည်။ ထိုမိုင်းများသည် ဆိုဗီယက်ယူနီယံတွင် မူလထုတ်လုပ်သော မိုင်း သို့မဟုတ် မြန်မာနိုင်ငံတွင် ပုံစံတူ ထုတ်သော မိုင်း (MM-2 ဟုခေါ်သည်) သို့မဟုတ် ပုံစံတူ တရုတ်လုပ်မိုင်း ( Type 58)  ဟုတ်မဟုတ်ကို ထိုနှစ်ဖွဲ့စလုံးက တိတိကျကျ အဆုံးအဖြတ် မပေးနိုင်ပေ။

၂၀၁၇ ခုနှစ် အစောပိုင်းတွင် မြန်မာအစိုးရ စစ်တပ်သည် ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် မြေမြုပ်မိုင်းများ အသုံးပြုခဲ့သည်ဟူသော သက်သေ အထောက်အထားရှိသည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လ၊ မောင်တောမြို့နယ် ပြန်ပိုက် ကျေးရွာတွင် မြန်မာအစိုးရစစ်တပ်က ထောင်ခဲ့သည်ဟုယူဆရသော မိုင်းကြောင့် လယ်သမား သုံးဦးအသက်သေဆုံးခဲ့ပြီး၊ တစ်ဦး ဒဏ်ရာရခဲ့သည်။[32] မေလတွင် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ကချင်ပြည်နယ်နှင့် မြောက်ပိုင်း ရှမ်းပြည်နယ် အတွင်း မြန်မာအစိုးရစစ်တပ်က လူသတ်မိုင်း အသုံးပြုနေခြင်းနှင့်ပတ်သက်၍ အစီရင်ခံခဲ့သည်။[33]  ၂၀၁၇ ခုန် ဧပြီလတွင် မြန်မာအစိုးရစစ်တပ်လက်အောက်ခံ နယ်ခြားစောင့်တပ်က မဲသဝေါ နှင့် မြိုင်ကြီးငူသွားရာလမ်း နဘေးတွင် မိုင်းများ ထောင်ထားသည်ဟု ဒေသခံများကို သတိပေးခဲ့သည်။[34] ၂၀၁၆ ခုနှစ် ဧပြီလတွင် မိုင်တိုင်အမှတ် ၅၁ အနီး နယ်စပ်ပြ ခံစည်းရိုးတွင် အလုပ်လုပ်ကိုင်ရန် မြန်မာအစိုးရ စစ်တပ်က အလုပ်ငှားရမ်းခိုင်းစေခဲ့သော မောင်တောမြို့နယ်မှ ရိုဟင်ဂျာ လေးဦးသည် မြေမြုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့ပြီး၊တစ်ဦး အသက်သေးဆုံးခဲ့သည်။ ဒဏ်ရာရသူများကို ဘူသီးတောင်ဆေးရုံတွင် ကုသပေးခဲ့သည်။[35]

မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးက ထုတ်ပြန်သော ယခင်အစီရင်ခံစာများတွင်လည်း အဆိုပါ နယ်စပ်တလျှောက် လူသတ်မိုင်း အသုံးပြုမှု တစိတ်တဒေသကို မှတ်တမ်းတင်ထားပြီးဖြစ်သည်။[36]

၂၀၁၆ - ၂၀၁၇ ခုနှစ်အတွင်း မြန်မာအစိုးရစစ်တပ်၏ မြေမြုပ်မိုင်းအသုံးပြုမှုနှင့်ပတ်သက်သော တခြား အစီရင်ခံမှုများ ရှိခဲ့သည်။

- ၂၀၁၇ ခုနှစ် ဧပြီလတွင် ကချင်ပြည်နယ် မန်ရှီမြို့နယ် မြန်မာအစိုးရစစ်တပ်စခန်း၏ အပြင်ဖက်တွင် ထောင်ထားသော မိုင်းကြောင့် မိန်းကလေးတစ်ဦး အသက်သေဆုံးခဲ့ပြီး တခြား မိန်းကလေးနှစ်ဦး ဒဏ်ရာရခဲ့သည်။ [37]

---

28 Statement of Sheikh Hasina, Prime Minister of Bangladesh to the opening of the 72nd session of the UNGA, New York, 21 September 2017.

29 Annie Gowen, "Rohingya refugees crossing into Bangladesh face another threat: Land mines," Washington Post, 13 September 2017.

30 Amnesty International, "Myanmar Army landmines along border with Bangladesh pose deadly threat to fleeing Rohingya," 9 September 2017.

31 HRW, "Landmines Deadly for Fleeing Rohingya: Military Lays Internationally Banned Weapon," 23 September 2017.

32 "Rohingya farmers victims of fatal injury in land mine explosion in Northern Maungdaw," Arakan TV, 15 July 2017. Photographic evidence included with reports, however independent verification was not possible. See also, Thar Shwe Oo, "Landmine kills three in Maungdaw," Eleven Myanmar, 16 July 2017; and Moe Myint, "Landmine Explosion Kills Teenager, Two Men in Rakhine," The Irrawaddy, 16 July 2017.

33 Amnesty International, "All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar," 14 June 2017, p. 32.

34 Unpublished information provided to the Landmine Monitor by the Karen Human Rights Group, 6 September 2017.

35 "Border Landmine Kills and Injures Rohingyas," Kaladan Press, 19 April 2016.

36 A massive outflow of Rohingya people, nearly a quarter of a million, from Northern Rakhine State (NRS) occurred in 1991 and 1992. Following widespread condemnation of Burma at that time by the Muslim world, Myanmar's armed forces emplaced a significant minefield along the entire length of its border with Bangladesh. Bangladesh officials and humanitarian workers stated at the time that Burma's boundary minefield was laid for the purpose of deterring further flight out of the country by the Rohingya, and also to harass cross border movement by several Rohingya and Rakhine armed groups active at that time. See, Landmine Monitor 2000, Burma Country Report. In the early 90s, several armed groups existed in that border area, including the Rohingya Solidarity Organization, the Arakan Rohingya National Organization, the Arakan Army, and the Arakan Liberation Army. Further mine laying occurred in later years. See, Landmine Monitor Myanmar/Burma Ban Policy profiles 2013, 2014, and 2015.

- ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ခမရ ၁၁ သည် ရှမ်းပြည်နယ် မူဆယ်မြို့နယ် ရှီးရှန်းကျေးရွာအနီး မိုင်းထောင်ခဲ့သည်ဟု ယူဆရပြီး၊အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ မူဆယ်မြို့နယ်၊ မုံးကိုး မြန်မာအစိုးရစစ်စခန်းအပြင်ဖက်တွင် ထောင်ထားသော မြေမြှုပ်မိုင်းကြောင့် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။[38]
- ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တအန်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) က ကွတ်ခိုင်မြို့နယ် ပန်ကုနှင့် ပန်လုံ ကျေးရွာများအကြား ခြေမြန်တပ်မ ၅၆၇၊ ၂၀၃ တို့နှင့် တိုက်ပွဲဖြစ်ပြီးနောက် စစ်တပ်ထံမှ ရရှိသော လက်နက်များအနက် မြေမြှုပ်မိုင်းနှစ်လုံး ရရှိခဲ့သည်ဟု ပြောဆိုခဲ့သည်။[39]
- ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာအစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့အကြား တိုက်ပွဲဖြစ်စဉ် လှိုင်းဘွဲ့မြို့နယ်တွင် မိုင်းများ ထောင်ခဲ့သည်ဟု ဆိုသည်။ သို့သော် မည်သည့်အဖွဲ့က ထောင်ခဲ့သည်ကို မရှင်းလင်းခဲ့ပေ။ [40]
- ၂၀၁၆ ခုနှစ် မေလတွင် မြန်မာအစိုးရစစ်တပ်က မိုင်းထောင်ခဲ့သဖြင့် တစ်ဦးဒဏ်ရာရခဲ့သည်ဟု ကချင်ပြည်နယ် နမ့်ဆမ်ယန်ကျေးရွာမှ ရွာသားများက စွပ်စွဲပြောဆိုခဲ့သည်။[41]
- ၂၀၁၆ ခုနှစ် မေလတွင် အစိုးရစစ်တပ်နှင့် MNDAA တပ်များ တိုက်ပွဲဖြစ်သွားသောကြောင့် တရုတ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သော လောက်ကိုင်နှင့် ကုန်းကြမ်း မြို့နယ်မှ မြန်မာဒုက္ခသည်များ မြန်မာနိုင်ငံသို့ ပြန်မလာနိုင်အောင် အစိုးရစစ်တပ်က မိုင်းများထောင်ထားသည်ဟု အစီရင်ခံခဲ့သည်။[42]

စစ်တပ်အတွက် ပေါ်တာအဖြစ် ထမ်းဆောင်ပေးနေရသည့်အချိန်အတွင်း မိုင်းဒဏ်သင့်မှုများသည် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည်။ သို့သော် မကြာသေးခင်နှစ်များအတွင်း လျော့နည်းလာသည်ကိုတွေ့ရသည်။ [43]

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု*

၁၉၉၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် လူသတ်မိုင်းများ အသုံးပြုသည်။ တချို့အဖွဲ့အစည်းများသည် အဖွဲ့အစည်းအဖြစ် မရှိကြတော့ခြင်း သို့မဟုတ် မိုင်း အသုံးပြုခြင်း မရှိတော့ပေ။ သို့သော် အစိုးရမဟုတ်သော အဖွဲ့များသည် ယခုအစီရင်ခံစာရေးသည့်အချိန်ကာလအတွင်း လူသတ် မြေမြှုပ်မိုင်းများ ဆက်လက်အသုံးပြုနေဆဲဟူသော အစီရင်ခံမှု များစွာရှိခဲ့ပြီး၊ အများစုမှာ ကချင်၊ ကရင်၊ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်သည်။

- ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံပိုင်မီဒီယာက ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ အကူအညီများပေးပို့ရာတွင် လမ်းများ၊ တံတားများတွင် မြေမြှုပ်မိုင်းများ ထောင်ထားသောကြောင့် အခက်အခဲများ ရှိနေသည်ဟု ရေးသားဖော်ပြခဲ့သည်။ [44]
- ၂၀၁၇ ခုနှစ် ဇွန်လတွင် ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့နယ် တာလောကျေးရွာဒေသခံ အုပ်ချုပ်ရေးမှူး တစ်ဦးက ကချင်လွတ်လပ်ရေးတပ်မတော် (KIA) သည် မြို့အနီးမြေမြှုပ်မိုင်းထောင်ထားသောကြောင့် အရပ်သား ထိခိုက်ဒဏ်ရာရမှုနှင့် အိမ်မွေးတိရစ္ဆာန်များ ဆုံးရှုံးရသည်ဟု ပြောဆိုခဲသည်။ [45]
- ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ဒီမိုကရေစီကရင် ဗုဒ္ဓဘာသာတပ်မတော် (DKBA) ခွဲထွက် ကျော်ထက်ဦးဆောင်သော အဖွဲ့သည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲသဝေါဒေသအတွင်း မိုင်းထောင်ခဲ့သဖြင့် စစ်သားနှစ်ဦး ဒဏ်ရာရခဲ့သည်ဟု အသိအမှတ်ပြု ပြောကြားခဲ့သည်။[46]
- ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် TNLA က ရှမ်းပြည်နယ် သီပေါမြို့နယ်အတွင်း လက်နက်ကိုင်တိုက်ပွဲများမဖြစ်ခင် မိုင်းများထောင်ခဲ့သည်ဟု RCSSကို စွတ်စွဲခဲ့သည်။[47] ထိုတစ်လထဲတွင် ထိုင်းစစ်တပ်က DKBA ထိန်းချုပ်ထိစပ်

37 "Child killed, two girls injured in Kachin landmine blast," Kachin News Group, 26 April 2017.

38 "Kachin and Northern Shan Update: Civilians Caught in the Middle," Free Burma Ranger, 3 April 2017.

39 "TNLA sitrep," Burma Death Watch blog, 25 January 2017. Conflict news aggregator emailed to the Monitor 30 April 2017. Blog has since been ceased and can now be found on facebook.

40 "Landmine kills Kayin village head," Eleven Myanmar, 17 September 2016.

41 Kachinland News Updates, 6 May 2016.

42 Shan Human Rights Foundation, "Burma Army expansion, abuses along Kokang-China border creating scores of 'ghost villages,'" News Updates, 12 May 2016. It is uncertain when the alleged mines were laid, but apparently sometime following their flight in February 2015.

43 On 12 October 2016, government troops led by Captain Than Htaik Kyaw from Division 77 seized villagers of Mowlon village in Manton township, for forced labor. Four of these villagers were wounded by landmines as they attempted to escape. See, PSLF/TNLA, "SitRep." October 2016. Conflict news aggregator emailed to the Monitor, 30 April 2017. The injured were between the ages of 26 and 40. The wounded were reportedly sent to Manton Hospital. According a villager, Captain Than Htaik Kyaw told all male villagers to come for porter service. He threatened to burn down the entire village if they did not. They set out in the morning and the battle took place at about 1530 hours.

44 See, "There are difficulties for providing daily food and healthcare to villagers due to landmines planted on roads and bridges: Dr Win Myat Aye," Global New Light of Myanmar, 30 August 2017. Photographs of explosive devices, said to be "landmines," provided by the President's Office do not make clear the method of activation. See, "Extremist terrorists attack on police outposts in N-Rakhine," Global New Light of Myanmar, 26 August 2017, photo, p. 3.

45 Tun Lin Aung, "Landmines scare Myitkyina farmers," Eleven Myanmar, 2 June 2017.

46 Ye Mon and Ei Ei Thu, "Kayin landmine scare sparks tourism fears," Myanmar Times, 6 January 2017.

နယ်မြေအနီး လက်လုပ်မိုင်းများထည့်ထားသော အိတ်တစ်လုံး ရှာဖွေတွေ့ရှိခဲ့သည်။ DKBA က ပိုင်သော မိုင်းများဖြစ်မည်ဟု သံသယရှိခဲ့သည်။[48]

- ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် အစိုးရတပ်ဖွဲ့များသည် KIA တပ်ဖွဲ့ဝင် နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးခံရသူနှစ်ဦးက ဖားကန့်မြို့နယ်၊လဘန်ကဒေါင်းကျေးရွာအနီးမြေမြှုပ်မိုင်းထောင်ထားသည်ဟု ဝန်ခံခဲ့သည်။ စစ်တပ်က KIA စစ်သားများကို ၎င်းမိုင်းထောင်ထားသော နေရာသို့ ခေါ်သွားသည့်အခါ မိုင်းတစ်လုံး ပေါက်ကွဲခဲ့သောကြောင့် KIA စစ်သားနှစ်ဦးစလုံး သေဆုံးခဲ့သည်။[49]
- ၂၀၁၆ ခုနှစ် စက်တင်ဘာလ နှင့်အောက်တိုဘာလတွင် DKBA ခွဲထွက်တစ်ဖွဲ့သည် လှိုင်းဘွဲ့မြို့နယ်အတွင်း တိုက်ပွဲဖြစ်စဉ် မိုင်းထောင်ခဲ့သည်ဟု ပြောဆိုမှုများရှိခဲ့သည်။ [50] ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံပိုင် သတင်းစာ မြဝတီနေ့စဉ်သတင်းစာတွင် ရှမ်းပြည်နယ် တိုးတက်ရေးပါတီ/ ရှမ်းပြည်နယ်တပ်မတော် (SSPP/SSA) သည် ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ်၊မောက်မော်ကျေးရွာတွင် မိုင်းအသုံးပြုခဲ့ခြင်းကြောင့် အရပ်သားထိခိုက်မှုများ ရှိခဲ့သည်ဟု ဖေါ်ပြခဲ့သည်။
- ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် RCSS/SSA အတွက် ဆောင်ရွက်ပေးသော အရပ်သားပေါ်တာများက TNLA ထောင်ခဲ့သော မိုင်းကြောင့် ၎င်းတို့ အဖွဲ့မှ လူများ အသက်သေဆုံး၊ ဒဏ်ရာရခဲ့သည်ဟု ပြောဆိုခဲ့သည်။ [51] ၂၀၁၆ ခုနှစ်အတွင်း TNLA၊ RCSS/SSA၊ SSPP/SSA နှင့် အစိုးရတပ်ဖွဲ့များအကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများအပြီး မိုင်းများ ရှာဖွေတွေ့ရှိခဲ့သည်ဟု သတင်းအစီရင်ခံမှု များစွာ ရှိခဲ့သော်လည်း မည်သူက အသုံးပြုခဲ့သည်ကိုတော့ အသေးစိတ် ဖေါ်ပြထားခြင်း မရှိပေ။ [52]
- ၂၀၁၆ ခုနှစ် ဧပြီလတွင် ပဲခူးတိုင်းဒေသကြီး မုန်းမြို့နေ ရွာသားတစ်ဦးက သစ်ထုတ်နေရာဝန်းကျင်တွင် KNLA က မိုင်းထောင်ထားသည်ဟု စွတ်စွဲပြောဆိုခဲ့သည်။[53]
- ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် မုန်းမြို့နေ ပြည်သူတစ်ဦးက KNLA ရွှေမိုင်းတူးသည့်ဒေသအနီး ဝင်ပေါက်နေရာတွင် KNLA က သတိပေးစာ ကပ်ထားသည်ကို မျက်မြင်ဖြင့်မြင်တွေ့ခဲ့သည့်အပြင် နှုတ်ဖြင့်လည်း သတိပေးခံခဲ့ရကြောင်း ပြောဆိုခဲ့သည်။ [54] ထိုလထဲတွင်ပင် မြန်မာအစိုးရစစ်တပ်သည် KIA ထောင်ထားသော မိုင်းကြောင့် ဒဏ်ရာတစ်ယောက် ရခဲ့သည်။[55]
- ၂၀၁၆ ခုနှစ် ဖေဖေါ်ဝါရီလတွင် နဒ်ယန်စခန်းမှ IDP ပြည်သူတစ်ဦးသည် ပွန်ကျန်ကျေးရွာ စိုက်ခင်းသို့ပြန်ရန် ကြိုးစားရာတွင် မြေမြှုပ်မိုင်း နင်းမိသောကြောင့် သေဆုံးခဲ့သည်။ KIA က ထိုဒေသအနီးသို့မသွားရန် နှုတ်ဖြင့် သတိပေးခြင်း၊ သတိပေးစာများ ကပ်ထားခြင်းလုပ်ခဲ့သည်ဟု ဆိုသည်။[56] ထိုလထဲတွင် ရှမ်းပြည်နယ် နမ့်ခမ်းမြို့သူ မြို့သားများက SSA – (တောင်ဖက်ခြမ်း) သို့မဟုတ် RCSS က ၎င်းတို့ရွာအနီး မိုင်းထောင်ခဲ့သည်ဟု စွတ်စွဲပြောဆို ခဲ့သည်။ [57]
- ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့ခံများက KIA နှင့် TNLA သည် မြို့အတွင်း မိုင်းထောင်ခဲ့သည်ဟု စွတ်စွဲခဲ့သည်။ [58]
- ကချင်ပြည်နယ် နှင့် စစ်ကိုင်း နယ်စပ်ကျေးရွာစုတစ်ခုတွင် နေထိုင်သူ ဒေသခံ တက်ကြွလှုပ်ရှားသူ တစ်ဦးက KIA ထောင်သော မိုင်းကြောင့် အရပ်သားထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့ပြီး လယ်သမား ၁၀၀ ကျော် အိုးအိမ်စွန့်ခွာ သွားရသည်ဟု ပြောဆိုခဲ့သည်။[59]

ယခင်အချိန်က ဆွစ်ဇာလန်ဂျီအိုဖြစ်သော Geneva Call အဖွဲ့က ကမကထပြုသော ကတိကဝတ်စာချုန်လွှာကို လက်မှတ် ရေးထိုးခြင်းဖြင့် လက်နက်ကိုင်အဖွဲ့တစ်ချို့ နှင့် ယခင်လက်နက်ကိုင်ခဲ့သော အဖွဲ့များက လူသတ်မိုင်း အသုံးပြုမှုကို တဖက်သတ် စွန့်လွှတ်ခဲ့ကြသည်။[60] ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) သည် ၂၀၀၇ ခုနှစ်တွင်

47 "TNLA sitrep," Burma Death Watch blog, 25 January 2017. Conflict news aggregator emailed to the Monitor 30 April 2017. Blog has since been ceased and can now be found on facebook.

48 Unpublished information provided to the Landmine Monitor by the Karen Human Rights Group, 6 September 2017.

49 "Landmine explosion kills two Kia troops," Global New Light of Myanmar, 29 November 2016.

50 Unpublished information provided to the Landmine Monitor by the Karen Human Rights Group, 6 September 2017. This DKBA faction has been referred to as DKBA #907, Kloh Htoo Baw (Golden Drum), and Brigade #5. Each of these terms refers to different configurations of DKBA units commanded by the brigadier general commonly known as Na Kha Mway, whose real name is Saw Lah Pwe. See also, "Landmine kills Kayin village head," Eleven Myanmar, 17 September 2016.

51 Thu Thu Aung, "One dead, seven hurt in Shan State landmine blast," Myanmar Times, 7 July 2016.

52 See for example, "Villager and daughter injured by landmine in Hsipaw," Burma News International, 22 July 2016.

53 Karen Human Rights Group, "Nyaunglebin Situation Update: Mone Township, April to May 2016," August 2016.

54 Unpublished information provided to the Landmine Monitor by the Karen Human Rights Group, 5 September 2016.

55 Free Burma Rangers Report, "Burma Army Launches Attacks Across Kachin State," 29 April 2016.

56 Information from UNHCR/UNICEF unified casualty database, emailed to Landmine Monitor, 10 May 2017.

57 Maung Zaw, "RCSS faces landmine claims," Myanmar Times, 18 February 2016.

58 "Local residents call for removal of landmines in Kutkai," Global New Light of Myanmar, 3 March 2016; and Nyein Nyein, "Ethnic Civilians Demand End to Army Abuses in Shan State," Irrawaddy, 2 March 2016.

59 "Kachin landmines kill 11 last year," Eleven Myanmar, 31 January 2016.

60 ဆွစ်NGOတခုဖြစ်သောGeneva Callမှစီစဉ်သောကတိကဝတ်ပြုမှုသဝဏ်လွှာကို လက်မှတ်ရေးထိုးခဲ့သော ယခင်လက်နက်ကိုင် အဖွဲ့များ သည်နှင့် လက်နက်ကိုင်အဖွဲ့တချို့က လူသတ်မိုင်းအသုံးပြုမှုကိုတဖက်သတ်စွန့်လွှတ်ခဲ့သည်။ ၂၀၁၆ခုနှစ်ဇူလိုင်တွင် ချင်းအမျိုးသားတပ်မတော်က စွန့်လွှတ်ရန်ကြေငြာခဲ့သည်။ ယခုအချိန်တွင် စစ်ရေးအရ လှုပ်ရှားမှုမရှိတော့သော အာရ်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရ်ကန်အမျိုးသား စည်းလုံးညီညွတ်ရေးပါတီနှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ်

ကတိကဝတ်စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏ စစ်ရေးလက်တံဖြစ်သော TNLA က မိုင်းအသုံးပြုမှုကို ရပ်တန့်ရန် ကတိကဝတ်ပြုခဲ့သည်။[61] ၂၀၁၇ ခုနှစ် ဖွန်လတွင် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ရေးသား ပေးပို့သော တုန့်ပြန်ချက်တွင် TNLA က ၎င်းတို့တပ်ဖွဲ့ဝင်များ မိုင်းအသုံးပြုသည်ဟူသော လက်တလော စွပ်စွဲချက်များကို ငြင်းဆိုလိုက်ပြီး၊ ကတိကဝတ်စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည့်အချိန်မှစ၍ TNLA သည် မြေမြှုပ်မိုင်းအသုံးပြုခြင်း မရှိကြောင်း ပြောဆိုခဲ့သည်။[62]

၂၀၁၁ ခုနှစ်မှစ၍ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရယူရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုသည့်နောက်ပိုင်းတွင် နိုင်ငံအဝှမ်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးနီးပါးနှင့် အစည်းအဝေးပွဲပေါင်းများစွာ ကျင်းပခဲ့သည်။ မြေမြှုပ်မိုင်းအသုံးပြုမှု ရပ်တန့်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းလိုအပ်ချက်များကို အစည်းအဝေး ပေါင်းများစွာတွင် ထုတ်ဖေါ်ဆွေးနွေးခဲ့သည်။. [63]

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့သည် " မိုင်းထောင်ခြင်းကို အဆုံးသတ်ရမည်။" နှင့် "မြေမြှုပ်မိုင်းရှင်းလင်းခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်း ပါဝင်မည်။" ကတိကဝတ်ပြုသော NCA ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ [64] NCA ကို ကရင်အမျိုးသား အစည်းအရုံး (KNU) မှ ခွဲထွက်ခဲ့သော (၂) ဖွဲ့ အပါအဝင်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ရခိုင်လွတ် မြောက်ရေးပါတီ (ALP)၊ ပအိုဝ့်အမျိုးသား လွတ်မြောက်ရေး အဖွဲ့၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ ချင်းအမျိုးသားတပ်ဦး စသည့် တိုင်းရင်းသား လက်နက်ကိုင် (၈) ဖွဲ့က လက်မှတ်ရေးထိုးခဲ့သည်။.[65] အဓိက လက်နက်ကိုင်အဖွဲ့အစည်း တော်တော်များများသည် သဘောတူ ညီ ချက်တွင် ပါဝင်ခြင်း မရှိသေးပေ။

၂၀၁၆ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ၂၀၁၇ ခုနှစ် နှစ်တဝက်အထိ ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းက လူသတ်မိုင်းများအသုံးပြုခြင်းကို တဖက်သတ် စွန့်လွှတ်မည်ဟု ကမ်းလှမ်းခဲ့ခြင်း မရှိပေ။[66]

## *မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းအသစ်အသုံးပြုနေခြင်းများကို တုန့်ပြန်ဆောင်ရွက်ခြင်း။*

မြန်မာအစိုးရသည် အစိုးရစစ်တပ်က ၂၀၁၇ ခုနှစ် ဩဂုတ် - စက်တင်ဘာလအတွင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး လူသတ်မိုင်းများ အသုံးပြုနေခြင်းနှင့်ပတ်သက်သော အစီရင်ခံစာများစွာကို လက်တွေ့ကျကျ တုန့်ပြန်ဆောင်ရွက်ခြင်း မရှိပေ။ သို့သော် အစိုးရ အရာရှိအများစုက မိုင်းအသစ်အသုံးပြုနှင့်ပတ်သက်၍ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများကိုအပြစ်ဖို့ သည်။ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဘုန်းတင့်က " ၎င်းဒေသအတွင်း တပ်မတော်က မြေမြှုပ်မိုင်း ထောင်ခြင်းမရှိပါဘူး။ အကြမ်းဖက်သမားတွေကသာ မြေမြှုပ်မိုင်း ထောင်တာပါ။ တပ်မတော်က ဘယ်တော့မှ ဒီလိုလုပ်ရပ်မျိုး မလုပ်ပါဘူး။" ဟု ပြောဆိုရင်း တပ်မတော်က မိုင်းအသုံး ပြုမှုကို ငြင်းဆန်ခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ရိုဟင်ဂျာ စစ်သွေးကြွများသည် မိုင်းအသစ်သုံးခြင်းအတွက် တာဝန်ရှိသည်ဟု ပြောဆိုခဲ့သည်။ [67] မြန်မာအစိုးရ အရာရှိများက

---

အောက်တိုဘာလတွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူ ဒီမိုကရက် တစ်တပ်ဦး (LDF)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်နှင့် PPLO/ ပအိုဝ့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PPLA)တို့ကလည်း ၂၀၀၇ ခုနှစ် ဧပြီလတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ်ဖွန်လထုတ်ပြန်သော အစီရင်ခံစာတွင် LDF နှင့် PPLA တို့နှစ်ဖွဲ့စလုံး ပြိုလဲသွားပြီဟု Geneva Call က ဖေါ်ပြခဲ့သည်။

[61] ၂၀၁၄ ခုနှစ်မှစ၍ Geneva Call သည် TNLA သည်မိုင်းများအသုံးပြုနေသည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းမှု များပြုလုပ်နေဆဲဖြစ်သည်။ Geneva Call, "Burma/Myanmar: Geneva Call urges an end to mine use in northern Shan State," 14 July 2016.ကိုကြည့်။

62 Amnesty International, "All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar," 14 June 2017, p. 44.

63 U Wunna Maung Lwin made these statements to the President of the Eleventh Meeting of States Parties, Prak Sokhonn, on the margins of the ASEAN Foreign Ministers Meeting in Phnom Penh, in July 2012. Press Release, "Myanmar seriously considering landmine treaty as part of its state reforms," Mine Ban Treaty ISU, 12 July 2012.

[64] ၂၀၁၅ ခုနှစ် မတ်လတွင် နှစ်ဖက်မူကြမ်းရေးဆွဲရေးအဖွဲ့များမှ သဘောတူခဲ့သော NCA မူအကြမ်းအရ အခန်း (၃) အပစ်အခတ် ရပ်စဲရေးနှင့် သက်ဆိုင်သောကိစ္စရပ်များ။ အချက် (၅)(က)တွင် "အောက်ဖေါ်ပြပါလုပ်ငန်းများရပ်တန့်ရန် နှစ်ဖက်စလုံးမှသဘောတူသည်။ …မြေမြှုပ်မိုင်း ထောင်ခြင်း"အခန်း(၅) (င) တွင်"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်လာသည်နှင့်အမျှ နှစ်ဖက်စလုံးက ထောင်ထားသော မြေမြှုပ်မိုင်းများ ရှင်းလင်း ခြင်းလုပ်ငန်းစဉ်တွင်ပူးပေါင်းပါဝင်ရန် သဘောတူသည်။မြေမြှုပ်မိုင်းရှင်းလင်းခြင်းပရောဂျက်များအတွက် နှစ်ဖက်အားထုတ်ချက်များကို အစိုးရ အဆင့်တိုင်းတွင် အနီးကပ်အကြံပြုဆွေးနွေးခြင်းမှတဆင့် ဆောင်ရွက်သင့်သည်။ "ပိုမိုသိရှိလိုပါကမိုင်းကင်းစင်ရေး မြန်မာနိုင်ငံ။" မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းနှင့်အမျိုးသားအပစ်အခတ်ရပ်စဲရေလုပ်ငန်းစဉ်။"၁၁ ဩဂုတ် ၂၀၁၅။

[65] "ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး။"မြန်မာ့အလင်း။ ၁၆အောက်တိုဘာ၂၀၁၅။ စာ၁။ အပစ်အခတ်ရပ်စဲသောသဘောတူစာချုပ် ချုပ်ဆိုသည့် နိုင်ငံရေးအဖွဲ့အစည်းများတွင် လက်နက်ကိုင်တပ်များရှိကြသည်။KNU တွင် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ RCSS တွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)၊ALP တွင်ရခိုင်လွတ်မြောက်ရေးတပ်မတော်၊ PNLOတွင် ပအိုဝ့်အမျိုးသားလွတ်မြောက်ရေး တပ်မတော် နှင့် CNF တွင် ကချင်အမျိုးသား တပ်မတော်တို့ဖြစ်သည်။ ကျန်၂ဖွဲ့သည်တပ်နှင့်နိုင်ငံရေးအမည်တူညီသည်။

[66] ဆွစ်NGOတခုဖြစ်သောGeneva Callမှစီစဉ်သောကတိကဝတ်ပြုမှုသဝဏ်လွှာကို လက်မှတ်ရေးထိုးခဲ့သော ယခင်လက်နက်ကိုင် အဖွဲ့များ သည်နှင့် လက်နက်ကိုင်အဖွဲ့တချို့က လူသတ်မိုင်းအသုံးပြုမှုကိုတဖက်သတ်စွန့်လွှတ်ခဲ့သည်။ ၂၀၁၆ခုနှစ်ဇူလိုင်တွင် ချင်းအမျိုးသားတပ်မတော်က စွန့်လွှတ်ရန်ကြေငြာခဲ့သည်။ ယခုအချိန်တွင် စစ်ရေးအရ လှုပ်ရှားမှုမရှိတော့သော အာရ်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရ်ကန်အမျိုးသား စည်းလုံးညီညွတ်ရေးပါတီနှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူ ဒီမိုကရက် တစ်တပ်ဦး (LDF)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်နှင့် PPLO/ ပအိုဝ့်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PPLA)တို့ကလည်း ၂၀၀၇ ခုနှစ် ဧပြီလတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ်ဖွန်လထုတ်ပြန်သော အစီရင်ခံစာတွင် LDF နှင့် PPLA တို့နှစ်ဖွဲ့စလုံး ပြိုလဲသွားပြီဟု Geneva Call က ဖေါ်ပြခဲ့သည်။

67 Krishna N Das, "Exclusive: Bangladesh protests over Myanmar's suspected landmine use near border," Reuters, 5 September 2017.

အာရကန်ရိုဟင်ဂျာလွတ်မြောက်ရေးတပ် (ARSA) သည် သည် အစိုးရပိုင် အဆောက်အအုံများ၊ လုံခြုံရေးတပ်ဖွဲ့များကို လက်လုပ်မိုင်းများအသုံးပြု တိုက်ခိုက်သည်ဟု စွတ်စွဲကြသည်။ စက်တင်ဘာလ ၆ ရက်နေ့တွင် ရခိုင်ပြည်နယ်သို့ သွားရောက်လည်ပတ်သော နိုင်ငံတကာ သတင်းထောက် ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်အရာရှိ တစ်ဦးက မြန်မာ့တပ်မတော်သည် ဘင်္ဂလားဒေ့ရှ်နယ်စပ် တလျှောက် မြေမြုပ်မိုင်း ခထောင်ထားခြင်း မရှိကြောင်း ပြောဆိုခဲ့သည်။[68]

မြန်မာအစိုးရတပ်ဖွဲ့များသည် နိုင်ငံအတွင်း တခြားနေရာများတွင် လူသတ်မိုင်းများ အသုံးပြုခဲ့သည်ဟု ဝန်ခံထားသည်။ ၂၀၁၇ ခုနှစ် ဖွန်လတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက Monitor သို့ ပြောကြားရာတွင် တပ်မတော်သည် လူဦးရေထူထပ်သော ဒေသများအနီးတွင် မြေမြုပ်မိုင်းအသုံးပြုခြင်းမရှိဟု ပြောဆိုခဲ့သည်။[69] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်ရေးဒုဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က လွှတ်တော်သို့တင်ပြရာတွင် တပ်မတော်သည် ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခတွင် မြေမြုပ်မိုင်းများ ဆက်လက်အသုံးပြုနေဆဲဟု ပြောဆိုခဲ့သည်။[70] တပ်မတော်သည် နိုင်ငံပိုင်စက်ရုံများ၊ တံတားများ၊ ဓါတ်အားပေးတာဝါတိုင်များ၊ ရှေ့တန်းစခန်းများ လုံခြုံရေးအတွက် မြေမြုပ်မိုင်းများ အသုံးပြုခဲ့သည်ဟု သူက ပြောဆိုခဲ့သည်။[71] ၎င်းလွှတ်တော်အစည်းအဝေးတွင် ရှမ်းပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက " အစိုးရမဟုတ် သောလက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း မြေမြုပ်မိုင်းများအသုံးပြုနေသည်မှာ အငြင်းပွားဖွယ် မရှိပေ။အထူးသဖြင့် ၂၀၁၂ ခုနှစ်မှ စ၍ဖြစ်သည်။" [72]

၂၀၁၇ ခုနှစ် ဩဂုတ်လ - စက်တင်ဘာလအတွင်း မြေမြုပ်မိုင်းအသစ်အသုံးပြုမှုများကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ရှုံ့ချခံနေရသည်။

စက်တင်ဘာလ ၂၁ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မြန်မာနိုင်ငံနှင့်နယ်နမိတ်ထိစပ်နေသည့် နယ်နမိတ်စည်းမျဉ်းတွင် မိုင်းအသစ်များ အသုံးပြုနေသည်ဟု ရှုံ့ချပြစ်တင်ခဲ့သည်။ " ရိုဟင်ဂျာပြည်သူများ မြန်မာနိုင်ငံသို့ပြန်မလာနိုင်အောင် နယ်စပ်တလျှောက် မြန်မာအာဏာပိုင်များက မြေမြုပ်မိုင်းများချထားသည် မြင်ရသည့်အတွက် အလွန်အမင်း တုန်လှုပ်မိပါသည်" ဟု သူမက ပြောဆိုခဲ့သည်။[73] ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး၊ ၎င်းနယ်စပ်ဖက်ခြမ်းတွင် လူသတ်မိုင်းများ ထောင်ထားသည်နှင့်ညွှန်ပြသော သက်သေအထောက်အထား မရှိပေ။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း မြေမြုပ်မိုင်းအသစ်အသုံးပြုခြင်းအတွက် ICBL က အပြင်းအထန်ရှုံ့ချခဲ့သည်။ "နေအိမ်မှ ထွက်ပြေးသူ အရပ်သားပြည်သူများကို ထိခိုက်သေကြေစေသည့် တရားမဝင်လက်နက်အသုံးပြုခြင်းအတွက် မည်သည့်အကြောင်းပြချက်မျိုးမှ မရှိနိုင်ပေ။" ဟု ဖေါ်ပြထားသည်။ [74]

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ လူ့အခွင့်အရေးကောင်စီတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်နာမင်းကြီး ဇိုရ်ဒ် ရာအဒ် အယ်လ် ဟူစိန်က "မြန်မာအာဏာပိုင်များသည် ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက်တွင် မြေမြုပ်မိုင်းများ စတင်ထောင်နေဟူသော အစီရင်ခံမှုများအတွက် အလွန်ထိပ်လန့်မိပါသည်" ဟု ပြောဆိုခဲ့သည်။ [75] ၂၀၁၇ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က "မြေမြုပ်မိုင်းများအသုံးပြုခြင်းကို အဖွဲ့အစည်း အားလုံးက ချင်ချင်းရပ်တန့်ပေးရန် " တောင်းဆိုခဲ့သည်။"[76]

စက်တင်ဘာလ ၂၂ ရက်နေ့တွင် မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ခြောက်ကြိမ်မြောက်အစည်းအဝေး သဘာပတိ ဖြစ်သူ ဩစတီးလျ သံအမတ်ကြီး သောမတ်စ် ဟာဂျ်နိုဇီက မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းအသစ်အသုံးပြုနေခြင်းအပေါ် အလွန်အမင်းစိုးရိမ်မိဖြစ်ကြောင်း ထုတ်ဖေါ်ပြောဆိုခဲ့သည်။ " မြန်မာအစိုးရကို ယခုအခြေအနေကို ရှင်းလင်းပေးရန် နှင့် ထိုဖြစ်ရပ်အပေါ်တွင် နိုင်ငံတကာ၏ ပါဝင်မှုဖြစ်သော လွတ်လပ်သော အချက်အလက်ရှာဖွေရေးမစ်ရှင်တစ်ခုကိုပါ ထည့်သွင်းစဉ်းစားရန်" တောင်းဆိုခဲ့သည်ဟု ပြောဆိုခဲ့သည်။[77]

---

68 Channel News Asia quoted Rakhine State Security and Border Affairs Minister Col. Phone Tint as denying allegations that government forces were laying landmines, and blamed ARSA: "There's no landmine planted by the military in the area. The terrorists planted the landmines. The military will never do that." May Wong, "Walking amid burning homes and sounds of distant gunfire: Ground zero in Maungdaw, Rakhine," Channel News Asia, 6 September 2017.

69 Landmine Monitor meeting with Min Htike Hein, Assistant Permanent Secretary to the Minister for Defence, Naypyitaw, 26 June 2017.

70 Htoo Thant, "Tatmadaw insists landmine use kept within reasonable minimum," Myanmar Times, 13 September 2016. Also, "Pyithu Hluttaw hears answers to questions by relevant ministries," Global New Light of Myanmar, 13 September 2016. The Deputy Minister detailed that "Myanmar Tatmadaw has used landmines to protect state-owned factories, bridges and power towers from subversive activities and its outposts in military operations, said the deputy minister, adding that landmines were removed when the military left the outposts. Warning signs have been set up where landmines were planted, and where security is not available - Civilian victims of landmines in the military operational areas have been provided with health care by Tatmadaw medical teams."

71 "Pyithu Hluttaw hears answers to questions by relevant ministries," Global New Light of Myanmar, 13 September 2016.

72 Ibid.

73 UN video, "Bangladesh - Prime Minister Addresses General Debate, 72nd Session," 21 September 2017.

74 ICBL, "Nobel Peace Prize-winning global campaign strongly condemns new use of landmines by Myanmar's Military Forces," Press Release, 22 September 2017.

75 Zeid Ra'ad Al Hussein, "Darker and more dangerous: High Commissioner updates the Human Rights Council on human rights issues in 40 countries," Human Rights Council, Geneva, 11 September 2017.

76 Human Rights Council, "Situation of human rights in Myanmar," A/HRC/34/67, 14 March 2017, p. 12, para. 63.

77 Mine Ban Treaty, "Landmine treaty President calls for fact-finding mission in Myanmar," Press Release, 22 September 2017.

မကြားသေးမီ နှစ်များအတွင်း မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှု ရပ်တန့်ရန် နှင့် မိုင်းရှင်းလင်းရန် တောင်းဆိုမှုများသည် ပို၍ ဖြစ်လာသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မန်တုန်မြို့နယ်အောက်လွှတ်တော်အမတ်က ရှမ်းပြည်နယ်အတွင်း တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်နက်ကိုင် တိုက်ပွဲများ အကြား မြေမြုပ်မိုင်းအသုံးပြုခြင်းကို ရှုံ့ချသော ကြေငြာချက် ထုတ်ပြန်ခဲ့သည်။[78] ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့ခံများက တပ်မတော်၊ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ ဖြစ်သော KIA နှင့် TNLA ထံသို့ စာရေးသားပေးပို့ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ၎င်းတို့မြို့နယ်အတွင်း ထောင်ထားသော မြေမြုပ်မိုင်းများ ရှင်းလင်းပေးရန် တောင်းဆိုခဲ့သည်။ [79] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရှင်ဘို မြို့ခံပြည်သူ တစ်ထောင်ကျော်က ၎င်းတို့ဒေသအတွင်း မြေမြုပ်မိုင်းကြောင့် သေဆုံးမှုများရှိခဲ့သဖြင့် လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။ [80]

78 Nyein Zaw Lin, "MP denounces collateral damage and landmine danger," Myanmar Times, 25 January 2017.

79 "Local residents call for removal of landmines in Kutkai," Global New Light of Myanmar, 3 March 2016; and Nyein Nyein, "Ethnic Civilians Demand End to Army Abuses in Shan State," Irrawaddy, 2 March 2016.

80 "Sinbo residents protest landmines as death toll rises," Eleven Myanmar, 27 September 2016.

## ထိခိုက်ဒဏ်ရာရမှု အကျဉ်းချုပ်

| | |
|---|---|
| ၂၀၁၆ ခုနှစ်ကုန်အထိ စုဆောင်းမိသမျှ ထိခိုက် ဒဏ်ရာစာရင်း | ၃၉၉၁ ဦး (၄၈၈ သေဆုံး၊ ၃၃၈၅ ဒဏ်ရာ၊ ၁၁၈ မသိရ) ၁၉၉၉ ခုနှစ်မှစ၍။ |
| ၂၀၁၆ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရ စာရင်း | ၂၉ ၈ ဦး (၂၀၁၅ ခုနှစ်။ ၁၅၉ ဦး) |
| ၂၀၁၆ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာမှ အသေးစိတ် | ၆၉ ဦး သေဆုံး၊ ၂၂၉ ဦးဒဏ်ရာ၊ (၂၀၁၅ ခုနှစ် ၃၁ ဦးသေ၊ ၁၂၈ ဦးဒဏ်ရာ။) |
| ၂၀၁၆ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရ စေသော မိုင်းအမျိုးအစားများ | လူသတ်မိုင်း၊ လက်လုပ်မိုင်း (IEDs) ၂၂၂၊ ကားမိုင်း (၃) လုံး၊ စစ်အတွင်းကြွင်း ကျန် ရစ်ခဲ့သော ပေါက်ကွဲစေသော ပစ္စည်းများ ၁၊ အမျိုးအစားမိုင်း/စစ်အတွင်းကြွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသောပစ္စည်းများ မသိ ၇၂။ |

နိုင်ငံပိုင်နှင့် လွတ်လပ်သော သတင်းမီဒီယာအစီရင်ခံစာများ၊ အန်ဂျီအိုများနှင့် တခြားအဖွဲ့အစည်း များမှ ပေးပို့သော သတင်းအချက်အလက်များအရ ၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မိုင်း/ စစ်အတွင်း ကျန်ရစ်သောအကြွင်းအကျန်များ (ERW) ကြောင့် ထိခိုက်မှုအသစ် ၂၉၈ ခု အနည်းဆုံး ရှိခဲ့သည်။ ထိခိုက်ဒဏ်ရာ ရသူ အများစုမှာ အမျိုးသား ၁၅၆ ဦးဖြစ်ပြီး အမျိုးသမီး ထိခိုက်ဒဏ်ရာရသူ အနည်းဆုံး ၆ ဦးရှိခဲ့ပြီး၊ မိန်းကလေး ၂ ဦးနှင့် ယောက်ျားကလေး ၂ ဦး ရှိခဲ့သည်။ အများဆုံးထိခိုက်ခံရသူများ အရပ်သားများဖြစ်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ် စစ်ဆင်ရေး များအတွင်း ထိခိုက်ဒဏ်ရာရမှု ၁၅ ခုရှိခဲ့သည်။ ကလေးများ (၅၄) ဦး - ယောကျ်ားကလေး ၃၈ ဦး နှင့် မိန်းကလေး ၁၆ ဦး အနည်းဆုံး ၁၀ ဦးမှာ ယောကျ်ား ကလေးများ ဖြစ်ကြသည်။ အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၁၃ ဦး ထိခိုက် ဒဏ်ရာ ရခဲ့သည်။[81]

၂၀၁၅ ခုနှစ် တွင် Motinor က မှတ်တမ်းတင်ထားသော ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၁၅၉ ခုရှိသဖြင့် ၂၀၁၆ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရမှုစုစုပေါင်းကိုကြည့်ပါက သိသိသာသာတိုးများလာသည်။ သို့သော် ၂၀၁၄ ခုနှစ်အတွင်း မိုင်း/ စစ်အတွင်း ကျန်ရစ်သောအကြွင်းအကျန်များ (ERW) ကြောင့် ထိခိုက်မှု ၂၅၁ ခုနှင့် နီးစပ်သည်။ မြန်မာနိုင်ငံအတွက် မိုင်းအန္တရာယ်လျော့ချရေးအလုပ်အဖွဲ့ မှ ၂၀၁၆ ခုနှစ်အတွင်းကောက်ယူရရှိသော ၁၆၁ ခုနှင့်ယှဉ်ပါက အလွန်မြင့်မားသည်။[82]

ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းအရေအတွက်သည် ဒီထက်မက မြင့်မားစွာရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုင်းအရေး ဆောင်ရွက်သော အဖွဲ့အစည်းများအရေအတွက် နှင့် မိုင်းဒဏ်သင့်သူများ အကူအညီပေးရေး အစီအစဉ်များ ပိုရှိ၊ ပိုများလာနေသော်လည်း ထိခိုက်ဒဏ်ရာ ရမှု နှင့် ပတ်သက်သော အချက်အလက် စနစ်တကျ စုစည်းထားမှု မရှိခဲ့ပေ။ တရားဝင်အချက်အလက် ကောက်ယူသော လုပ်ငန်းယန္တရားမရှိခြင်း၊ အခြေခံအစီရင်ခံရေသားခြင်းပုံစံ သို့မဟုတ် အချက် အလက် ဖလှယ်ခြင်းနည်းလမ်း မရှိခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းအဖွဲ့သို့ မတူညီသော သတင်း အရင်း အမြစ်မှ နှစ်စဉ်အချက်အလက်များ ရရှိသောကြောင့် အစီရင်ခံမှုသည် တတိုင်းပြည်လုံးတွင် ဖြစ်ပေါ်ခဲ့သော မိုင်း နှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် သေဆုံးထိခိုက် ဒဏ်ရာရမှု အပြည့်အစုံကို ထင်ဟပ်ခြင်းမရှိဟု ယုံကြည်ရသည်။ [83]

လူမှုဖူလုံရေး၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းကြောင့် ၂၉၈ ဦး သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဖော်ပြကြောင်း အစီရင်ခံခဲ့သည်။ ဆိုလိုသည်မှာ "သုံးရက်လ၂ျင်" မြေမြုပ်မိုင်းထိခိုက်မှုတစ်ခု ရှိနေသည်။ "မြေမြုပ်မိုင်းထိသူများအနက် တစ်ဦးသည် ကလေးဖြစ်ပြီး၊ မိုင်းထိသူ လေးဦးတွင် တစ်ဦး အသက်သေဆုံးသည် ဟု ဝန်ကြီးဌာနကို ကိုးကား၍ အစီရင်ခံစာက ဖော်ပြခဲ့သည်။ [84]

81 Unless noted otherwise, Monitor casualty data for 2016 is from a combined dataset of published and unpublished sources. For 110 casualties the age group and sex was not reported.

82 "Mine Action in Myanmar," Mine Risk Working Group, PowerPoint presentation, 27 April 2017, provided to the Monitor by UNICEF, 17 May 2017. The presentation reports in 2016, there were 161 casualties of which 41 died and 120 injured, that one out of three were children, and that one out of four died. The Landmine Monitor includes UNICEF and UNHCR data and has been cross checked for duplicate reporting.

83 Roger Fasth နှင့် Pascal Simon (Danish Demining Group) ကိုကြည့်။ "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

84 "On Mine Awareness Day, Myanmar govt allocates $6m for landmine clearance," Coconuts Yangon, 5 April 2017.

၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ပထမဦးဆုံးအကြိမ်အဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြေမြုပ်မိုင်းကြောင့် ထိခိုက်ဆုံးရှုံးမှု အချက်အလက်များ ထုတ်ပြန်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် ဇွန်လ ၁၈ လ ကာလအတွင်း မြန်မာနိုင်ငံအတွင်း မြေမြုပ်မိုင်းကြောင့် ပြည်သူသေဆုံးမှု ၁၀၁ ဦးရှိခဲ့သည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ထိုအနက် ၇၄ ဦးမှာ ကချင်ပြည်နယ်အတွင်း မြေမြုပ်မိုင်းကြောင့် သေဆုံးခဲ့ရပြီး ရှမ်းပြည်နယ်တွင် ၁၄ ဦး၊ ချင်းပြည်တွင် ၁၁ ဦး နှင့် ကယားနှင့် ရခိုင်ပြည်နယ်တွင် ၁ ဦးဖြစ်သည်။ ထိုကိန်းဂဏန်းသည် အရပ်သား ထိခိုက်သေဆုံးမှုများသာဖြစ်ပြီး စစ်တပ်နှင့် တခြားလက်နက်ကိုင်များ ထိခိုက် သေဆုံးမှု မပါဝင်ပေ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ထိခိုက်ဒဏ်ရာရသူဦးရေ အချက်အလက်ကို ထုတ်ပြန်ခြင်းမရှိပေ။ [85]

ယခင်နှစ်များကဲ့သို့ပင် အနာဂါတ်လားရာများကို ဖေါ်ထုတ်ရန် သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု သတင်း အချက်အလက်အသေးစိတ်များကို မူရင်းသတင်းအမြစ်က မှန်မှန်ကန်ကန် မှတ်တမ်းတင် ခြင်းရှိမရှိ သတ်မှတ်ရန်အတွက် လက်ခံရရှိသည့် အချက်အလက်များသည် ပြည့်စုံခြင်းမရှိပေ။ လက်တွေ့တွင် ထိခိုက် ဒဏ်ရာရမှု အရေအတွက်သည် ပိုများနိုင်သည်။

မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းကိန်းဂဏန်းကို မသိရနိုင်ပေ။ ၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ် နှစ် ကုန် အထိ ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၃၉၉၁ ဦး (၄၈၈ ဦးသေဆုံး၊ ၃၃၈၅ ဦး ဒဏ်ရာ၊ ၁၁၈ ဦး မသိရ။) ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor က အစီရင်ခံခဲ့သည်။ စစ်ဖက်ထိခိုက်ဒဏ်ရာရမှုများစွာ ရှိသော်လည်း စစ်ရေးမှတ်တမ်းများကို အများပြည်သူ သိရှိခွင့်မရှိသေးကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ (Monitor) ၏ ယခင်အစီရင်ခံမှုများတွင် ညွှန်ပြထားပြီးဖြစ်သည်။[86]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီ

၁၉၉၉ ခုနှစ်မှစ၍ စောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်တမ်းတင်ခဲ့သူ မိုင်းကြောင့်အသက်ရှင် ကျန်ရစ်သူ အနည်းဆုံး ၃၃၈၅ ဦး ရှိသည်။ သို့သော် လက်တွေ့ဖြစ်နိုင်သော အရေအတွက်၏ အစိတ်အပိုင်း အနည်းငယ်သာ ဖြစ်သည်ဟု ယုံကြည်ရသည်။ မိုင်းကင်းစင်ရေးမြန်မာ အဖွဲ့က ၄ သောင်းထက်မက ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ [87]

## ၂၀၁၅ ခုနှစ်အတွင်း မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီရနိုင်မှု

မိုင်းအကူအညီနည်းပညာအထောက်အကူအဖွဲ့တစ်ဖွဲ့ကို Handicap International (HI) က ပံ့ပိုးသော အမျိုးသားအဆင့် မိုင်းအန္တရာယ်လျော့ပါးရေးပညာပေးအလုပ်အဖွဲ့ ၏ တဆင့်ခံ အလုပ်အဖွဲ့အဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် တည်ထောင်ခဲ့သည်။ မိုင်းအကူအညီနည်းပညာအထောက်အကူအဖွဲ့ကို ၂၀၁၅ - ၂၀၁၆ ခုနှစ် မိုင်းအန္တရာယ်လျော့ပါးရေး အမျိုးသားမဟာဗျူဟာ စီမံကိန်း၏ ကဏ္ဍတစ်ခုဖြစ်သော မိုင်းဒဏ်သင့်ပြည်သူ အကူအညီပေးရေး ကဏ္ဍကို အဓိပါယ်ဖွင့်ဆိုရန် တာဝန်ပေးအပ်ခဲ့သည်။ စတင်တည်ထောင်သည့်အချိန်မှစ၍ အထောက်အကူအဖွဲ့သည် မိုင်းဒဏ်သင့်ပြည်သူအကူအညီပေးခြင်းနှင့် မိုင်းဒဏ်သင့်ပြည်သူ အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းသတင်းအချက်အလက်များ မျှဝေခြင်းကို စောင့်ကြည့်လေ့လာသည်။ ထို့အပြင် မိုင်းအန္တရာယ် လျော့ပါးရေး ပညာပေးအလုပ်အဖွဲ့ နှင့် မသန်စွမ်းအခွင့်အရေး လှုပ်ရှားတက်ကြွသူများ အကြား ပေါင်းကူးဆက်စပ်မှုများကိုလည်း ဖန်တည်းပေးသည်။[88]

၂၀၁၅ ခုနှစ်တွင် မိုင်းကြောင့် အသက်ရှင်ကျန်ရစ်ခဲ့သူများအတွက် ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ဝင်ငွေရဝန်ဆောင်မှုများသည် မြန်မာနိုင်ငံတွင် ပိုမြင့်မားခဲ့သည်။သို့သော် မြန်မာနိုင်ငံတွင် ခြေတုလက်တု တပ်ဆင်ခြင်း အတွက် ခြေတုလက်တုပညာရှင် အနည်းဆုံး ၃၀၀ ခန့်လိုအပ်သော်လည်း လတ်တလောအချိန်တွင် ၃၀ ပင် မရှိသေးပေ။ [89]

၂၀၁၅ ခုနှစ် လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးသဘောတူစာချုပ် (CRPD) ကိုအခြေခံသော မိုင်းဒဏ်သင့်ပြည်သူ

---

85 "Over 100 landmine fatalities since January 2015," Global New Light of Myanmar, 19 August 2016.

86 See the 2009 edition of the Monitor report for Myanmar available on the Monitor website. Unprecedented levels of information on military casualties were received in 2008 from the State Peace and Development Council; 508 military casualties were identified. Information from this source has not been made available any other year.

87 Yeshua Moser-Puangsuwan မှအီးမေး။ မိုင်းကင်းစင်ရေးမြန်မာနိုင်ငံ။ ၂၆ စက်တင်ဘာ ၂၀၁၄။

88 Ibid.; and from Yann Faivre, Country Director, HI - Myanmar, 27 October 2015; and "HI Victim Assistance Initiative in Myanmar," presentation by Yann Faivre, HI, in Bangkok, 15 June 2015.

89 Didier Reck, Physiotherapist, Physical Rehabilitation Programme Manager, ICRC နှင့်အင်တာဗျူး။ ရန်ကုန်၊ ၇ ဇွန် ၂၀၁၆ နှင့် " ကမ္ဘာ့ကျန်းမာရေးအဖွဲ့/ခြေတုလက်တုဝန်ဆောင်မှု နိုင်ငံတကာလူမှုအသိုင်းအဝန်း၊ ဖွံ့ဖြိုးဆဲတိုင်းပြည်များအတွက် ခြေတုလက်တုဝန်ဆောင်မှုများဆိုင်ရာ သင်တန်းသားများအတွက် လမ်းညွှန်ချက်များကို အခြေခံသည်။ စာ ၁၇ - ၁၈

အကူအညီပေးခြင်းအတွက် ဘက်စုံချည်းကပ်မှု ဆောင်ရွက်နေကြောင်း အစီရင်ခံခဲ့သည်။ သဘောတူစာချုပ်တွင် အမျိုးသားမသန်စွမ်းဥပဒေ နှင့် အမျိုးသား လူမှုရေးအကာအကွယ်ပေးရေးမဟာဗျူဟာတို့ပါဝင်သည်။[90]

၂၀၁၅ ခုနှစ် အစောပိုင်းတွင် DDG/DRC သည် "မြေမြုပ်မိုင်းနှင့် စစ်အတွင်း ကြွင်းကျန် ရစ်သော ပေါက်ကွဲစေသည့် ပစ္စည်းများ၏ ထိခိုက်ခံရသူများဆိုင်ရာ စစ်တမ်း" တခုကို ကချင် ပြည်နယ် နှင့် ကယား ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည်။လိုအပ်ချက်လေ့လာမှုနှင့် အနာဂါတ် လုပ်ငန်းများအတွက် ဖြစ်နိုင်ချေ အခွင့်အလန်းများအပေါ် ပြန်လည်သုံးသပ်ချက်များပါ ထည့်သွင်းခဲ့သည်။ DDG/DRC သည် အသက်ရှင် ကျန်ရစ်သူများ နှင့် မိုင်းဒဏ်သင့်ပြည်သူများ အကူအညီပေးမှု အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်း ကောက်ယူခဲ့ သော စစ်တမ်းအရ အဓိကအလိုအပ်ဆုံးတွင် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ အသက်မွေးဝမ်းကြောင်းမှု အကူအညီ နှင့် လူမှုစီးပွားပြန်လည် ပေါင်းစုခြင်း အကူအညီများ ပါဝင်သည်။ မိုင်းဒဏ်သင့်ပြည်သူများ အကူအညီပေးမှုကို ပိုမိုကျယ်ပြန့် သော မသန်စွမ်းအကူအညီပေးရေးနှင့် ပြန်လည်ပြုစု ပျိုးထောင်ရေးကဏ္ဍတွင် ထည့်ပေးရန် လိုအပ်ကြောင်း ၎င်းတို့ တွေ့ရှိခဲ့သည်။ ရေရှည်ဖြစ်ရန်လည်း လိုအပ်သည်။[91]

ကယားပြည်နယ်တွင် ၂၀၁၅ ခုနှစ် မတ်လမှ နိုဝင်ဘာလအတွင်း World Education က ကောက်ယူခဲ့ ပထမဦးဆုံး ပြည်နယ်အဝှမ်း မသန်စွမ်းသူများ စစ်တမ်းကောက်ယူမှုအရ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအနက် ၉ ရာခိုင်နှုန်းသည် မြေမြုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု တွေ့ရသည်။[92] ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်တွင် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအနက် သုံးပုံတစ်ပုံသည် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ (ERW) ထိခိုက်မှုကြောင့်ဖြစ်ပြီး တချို့ကျေးရွာများတွင် ၇၅ ရာခိုင်နှုန်းအထိ ရှိသည်ဟု HI က အစီရင်ခံခဲ့သည်။[93]

၂၀၁၄ ခုနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ICRC တို့သည် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ပြန်လည်ပြုစုပျိုးထောင်ရေးဌာန အသစ်နှစ်ခု တည်ထောင်ရန် သဘောတူခဲ့သည်။[94]

မိုင်းဒဏ်သင့်ပြည်သူ အကူအညီပေးခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် ကဏ္ဍအားလုံး စုစည်းခြင်းများတွင် မိုင်းအရေး ဆောင်ရွက်သူများ ပိုမိုပါဝင်လာကြသည်။

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီလိုအပ်ချက်များကို လေ့လာခြင်း

HI နှင့် MPHA သည် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် မသန်စွမ်းသူများနှင့် မိုင်းကြောင့် ထိခိုက် အသက်ရှင်ကျန်နေရစ်သူနှင့်ပတ်သက်ပြီး စစ်တမ်းတစ်ခုကောက်ယူခဲ့သည်။ စစ်တမ်းရလဒ်များကို ကြားဝင်ဆောင်ရွက်မှုများ နှင့် သက်သေအခြခံ မဟာဗျူဟာရေးဆွဲခြင်းများအတွက် အသုံးပြုမည်ဖြစ်သည်။ လိုအပ်ချက်လေ့လာမှုများဆောင်ရွက်နေစဉ်အတွင်း မိုင်းထိခိုက်ခံရသနှင့် တခြား မသန်စွမ်းသူ (၉ ) ဦးကို ကောင်းမွန်သော၊လက်လှမ်းမှီသည့် ဝန်ဆောင်မှုနေရာများသို့ လွှဲပြောင်းပေးခဲ့သည်။ HI သည် မန္တလေး၊ ဧရာဝတီနှင့် ပဲခူးအရှေ့ခြမ်း (ကျောက်ကြီးမြို့နယ်) များအတွင်းအရှိ ဝန်ဆောင်မှု လမ်းညွှန်ကိုလည်း ပြုစုပေးခဲ့သည်။[95]

World Education ကကယားပြည်နယ်တွင် မသန်စွမ်းသူများ ဆိုင်ရာ သတင်းအချက်အလက် ကောက်ယူခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်း ကောင်းမွန်ရေး ဆောင်ရွက်ခဲ့သည်။[96]

၂၀၁၇ ခုနှစ် ဇွန်လတွင် အာရှဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) သည် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့်ပူးပေါင်း၍ မသန်စွမ်းမှုကိန်းဂဏန်းအချက်အလက် အမျိုးသား အဆင့် ဆွေးနွေးညှိနှိုင်းရေးနှင့် အင်ချုံးမဟာဗျူဟာ ညွှန်းကိန်းများဆွေးနွေးမှုကို စီစဉ်ကျင်းပခဲ့သည်။ ဆွေးနွေးညှိနှိုင်းမှုတွင် မသန်စွမ်းမှုဝါဒ နှင့် အချက်အလက်ကောက်ယူမှုတွင် တိုးတက်မှု၊ စိန်ခေါ်ချက်များနှင့် ကွာဟမှုများ ကို ပြန်လည်သုံးသပ်ခဲ့သည်။[97]

မန်မာနိုင်ငံမသန်စွမ်းသူများအသင်း (MPHA)၏ အဆိုအရ စစ်မှုထမ်းများ၊ လက်နက်ကိုင်အဖွဲ့ဝင်များ၊ အရပ်သား ပြည်သူများစွာသည် မြေမြုပ်မိုင်းကြောင့် အပါအဝင် လက်နက်ကိုင်တိုက်ပွဲများကြောင့် မသန်စွမ်းသူများ ဖြစ်နေရ သည်ဟု

---

90 Presentation by Dr San San Aye, Deputy Director General of the Department of Social Welfare, Ministry of Social Welfare, Relief, and Resettlement, Meeting of National Mine Action Programme Directors, Geneva, 17 February 2015.

91 Roger Fasth နှင့် Pascal Simon (ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့), "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

92 World Education, "Victim Assistance and Disability Project in Kayah State Disability Survey: Summary of Main Findings," undated; and emails from Khim Mar Aung, Director, World Education, 12 June 2016; and from Mar Lar Soe, World Education, 12 June 2016. The survey covered 36% of the villages in the seven townships of Kayah state. Landmine-caused disability was 4% when measured against all causes of disability.

93 HI, "Land Mine Victim Assistance Centre in Kayin," in Thailand-Myanmar Cross Border Bulletin, 8th Edition, October 2016, p. 8.

94 ICRC, "Annual Report 2014," Geneva, 2015, p. 288.

95 HI, "Federal Information – Country Card: Myanmar," 2016; Monitor မေးခွန်းများကို Marie Mabrut, Operations Coordinator, HI-Myanmar၏ တုန့်ပြန်ချက်။ ၁၃ အောက်တိုဘာ ၂၀၁၆။ HI, "Victim Assistance in Disability Program in Kyaukkyi Township of Eastern Bago Region, Lessons Learnt Paper," April 2016; and interview with Yann Faivre, HI, Yangon, 9 June 2016.

96 World Education, "Victim Assistance and Disability Program in Kayah State," undated.

97 "National stakeholder consultation on disability data collection in Myanmar 27-29 June 2017," Nay Pyi Taw, Myanmar.

အစီရင်ခံခဲ့သည်။ မြန်မာနိုင်ငံအတွင်း ခြေတုတပ်သူ ခန့်မှန်းခြေ ၁၂၀၀၀ ခန့်ရှိပြီး သုံးပုံနှစ်ပုံမှာ မြေမြုပ်မိုင်းထိသူများဖြစ်သည်။ [98]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု

မိုင်းဒဏ်သင့်ပြည်သူများ အတွက် အကူအညီပေးရေးနည်းပညာအဖွဲ့သည် အမျိုးသားအဆင့် မိုင်းအန္တရာယ်လျော့ချရေး ပညာပေးမှု အလုပ်အဖွဲ့ (MRWG) ၏ ထီးရိပ်အောက်တွင် ဆောင်ရွက်သော အလုပ်အဖွဲ့ဖြစ်ပြီး လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဥက္ကဌအဖြစ်ဆောင်ရွက်သည်။ HI သည် မိုင်းဒဏ်သင့်ပြည်သူများ အတွက် အကူအညီပေးရေးနည်းပညာအဖွဲ့ နှင့် ပြည်တွင်း နှင် ့နိုင်ငံတကာ မိုင်းအရေးဆောင်ရွက်သူများနှင့်အတူ တာဝန်ခံ ညှိနှိုင်းဆောင်ရွက်သည်။ မိုင်းဒဏ်သင့်ပြည်သူများ အတွက် အကူအညီပေးရေးနည်းပညာအဖွဲ့သည် ၂၀၁၆ ခုနှစ်တွင် ပုံမှန်တွေ့ဆုံမှုများ ရှိခဲ့သည်။[99] နိုင်ငံတကာ NGO များ၊ နိုင်ငံတွင်း NGO များ၊ ကုလသမဂ္ဂ၊ ICRC၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) အပြင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီများ ပါဝင်သည်။ ၂၀၁၇ ခုနှစ်တွင် HI သည် မသန်စွမ်းသူများ အရေး အသိပညာပေးခြင်းနှင့် ပင်မအရေးကြီးသော အကြောင်းအရာများတွင် ပါဝင်ရေး မသန်စွမ်းသူများပါဝင်ရေးယူနစ်ကို ဖန်တည်း တည်ဆောက်ခဲ့သည်။[100]

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မသန်စွမ်းသူများ ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် တာဝန်ရှိပြီး၊ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက် လူမှုဖူလုံရေးဌာနသည် အတက်ပညာသင်တန်းကျောင်း၊ပညာရေးနှင့် လူမှုကာကွယ်ရေးမဟာဗျူဟာများအတွက် တာဝန်ရှိသည်။ ၂၀၁၆ ခုနှစ်အတွင်း အစိုးရသည် မသန်စွမ်းသူများ အဖွဲ့အစည်းအားလုံး (DPOs) အတွက် အဖွဲ့ချုပ်တစ်ခုအဖြစ် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ အဖွဲ့ချုပ် (MFPD - ယခင်က မြန်မာနိုင်ငံ မသန်စွမ်းသူများကောင်စီ MCPD ဟု ခေါ်သည်။ ) ကို အသိအမှတ်ပြုခဲ့သည်။ မသန်စွမ်းသူများ အခွင့်အရေးမြှင့်တင်ပေးရန် လုပ်ပိုင်ခွင့်ရှိသော ဝန်ကြီးဌာနအဆင့် ကော်မတီဖြစ်သည့် မသန်စွမ်းသူများဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ သည် ၂၀၁၆ ခုနှစ်တွင် တွေ့ဆုံခဲ့ခြင်း မရှိပေ။[101]

MCPD (နောက်ပိုင်း MFPD ဟုပြောင်းလဲခဲ့သည်။) ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ဖွဲ့စည်းခဲ့သည်။ ကောင်စီအဖွဲ့ဝင်တစ်ဦးက ထိုအဖွဲ့သည် “CRPD ကို အကောင်အထည်ဖော်ရန်၊ မသန်စွမ်းသူများကိုကာကွယ်ရန် ဥပဒေတစ်ခု ပြန်ဌာန်းရန် ဦးတည်ဆောင်ရွက်လိုသည်” ဟု ပြောဆိုခဲ့သည်။[102] World Learning သည် MCPD အဖွဲ့ဝင်သစ် ၂၁ ဦးကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ရန်အတွက် ပထမဦးဆုံး မြန်မာနိုင်ငံ မသန်စွမ်းသူများ ညီလာခံ ကို ကျင်းပရန် ဒေသခံ မသန်စွမ်းသူများ အရေး လှုပ်ရှားတက်ကြွသူများအတွက် နည်းပညာအကူအညီ ထောက်ပံ့ပေးခဲ့သည်။ MCPD တွင် နိုင်ငံတကာ မသန်စွမ်းသူများ ဥပဒေ တက်ကျွမ်းသူများနှင့်အတူ အဖွဲ့အစည်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အရည်အချင်းများ မြင့်မားရေးအတွက် ဆက်လက်ပံ့ပိုးပေးခဲ့သည်။ USAID နှင့် အမေရိကန်နိုင်ငံတကာ မသန်စွမ်းသူများ ကောင်စီ၏ အကူအညီများဖြင့် ဆောင်ရွက်ခဲ့သည်။[103]

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအရေး ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆ - ၂၀၂၅ ) ရှိသည်။[104]

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၂ ရက်နေ့အထိ MCPD က အမျိုးသားအဆင့် မသန်စွမ်းသူများ မဟာဗျူဟာ အစီအမံ ညှိနှိုင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို တာဝန်ခံဆောင်ရွက်ပေးခဲ့သည်။ မသန်စွမ်း လှုပ်ရှားတက်ကြွသူနှင့်အတူ လူမှုဖူလုံရေးဌာနသည် မသန်စွမ်းသူများအရေး ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (၂၀၁၆ - ၂၀၂၅ ) ၏ ရည်မှန်းချက်များကို အခြေခံ၍ ၂၀၁၇ - ၂၀၂၂ ခုနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်ဖွံ့ဖြိုးမှုတွင် ပါဝင်ခဲ့ကြသည်။ ၂၀၁၇ - ၂၀၁၈ မြန်မာနိုင်ငံ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေလျာထားမှုပါ ပါဝင်ခဲ့သည်။[105]

အင်စတီကျူးရှင်းများစွာသည် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေး တာဝန်ခံညှိနှိုင်းဆောင်ရွက်မှုတွင် ပါဝင်ကြသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့် MRCS သည် ရွှေ့ပြောင်းအကူအညီပေးခြင်းများတွင် ပါဝင်ကြသည်။ အထူးသဖြင့် ခြေတု လက်တု တပ်ဆင်ခြင်းအတွက် ဖြစ်သည်။[106]

---

98 United States (US) Department of State, “2016 Country Reports on Human Rights Practices: Burma,” Washington, DC, March 2017.

99 Response to Monitor questionnaire by Marie Mabrut, HI - Myanmar, 13 October 2016.

100 Ibid.; email from Yann Faivre, HI, 27 October 2015; and “HI Victim Assistance Initiative in Myanmar,” presentation by Yann Faivre, HI, in Bangkok, 15 June 2015.

101 US Department of State, “2016 Country Reports on Human Rights Practices: Burma,” Washington, DC, March 2017; “Myanmar National Strategy for the Development of Persons with Disabilities 2016–2025,” Unofficial translation; ICRC Physical Rehabilitation Programme (PRP), “Annual Report 2013,” Geneva, 2014, p. 52; and Ministry of Social Welfare, Relief, and Resettlement, “Rehabilitation of the Persons with Disabilities,” 2012.

102 “Disabled Rights Council to be formed in Myanmar,” Myanmar Matters, 14 December 2014.

103 World Learning, “World Learning’s Commitment to Disability Inclusion, Highlighted programming and resources as of May 2016,” 2016.

104 “Myanmar National Strategy for the Development of Persons with Disabilities 2016–2025,” Unofficial translation.

105 “Equal Rights: Advice Sought For Strategy For Dev’t Of PWDs,” MiTV News, 29 August 2016.

106 ICRC PRP, “Annual Report 2014,” Geneva, 2015, p. 58.

စစ်အတွင်းကြွင်းကျန်ရစ်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ/ မိုင်း ဒဏ်သင့်ခံရသူများ၏ ကိုယ်စားပြုမှု တိုက်ရိုက် မပါရှိသေးသော်လည်း များစွာသော တာဝန်ခံညှိနှိုင်းမှုအခန်းကဏ္ဍများတွင် DPOs များစွာ ပါဝင်ကြသည်။

**ဝန်ဆောင်မှုအသုံးပြုနိုင်မှု နှင့် ထိရောက်မှု**

**ထိခိုက်နစ်နာသူများအတွက် အကူအညီပေးခြင်းလုပ်ငန်းများ**

| အဖွဲ့အစည်းအမည် | အဖွဲ့အစည်းအမည် | အဖွဲ့အစည်း အမျိုးအစား |
|---|---|---|
| ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန | အစိုးရ | ခြေတု လက်တု တပ်ဆင်ရေး ဌာနများနှင့် အရိုးကု ဆေးရုံ နှစ်ရုံ |
| ကာကွယ်ရေးဝန်ကြီးဌာန | အစိုးရ | ဌာနသုံးခုမှတဆင့် ခြေတုလက်တု တပ်ဆင်ပေးသည် |
| လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန | အစိုးရ | လူမှုစီးပွားရေးနှင့် ပြန်လည် ပြုစုပျိုးထောင် ရေး ဝန်ဆောင်မှုများ၊ မိုင်းနှင့် တခြား ပေါက်ကွဲ စေသော ပစ္စည်းများ ကြောင့် အသက်ရှင် ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများ အတွက် အတတ်ပညာသင်ကျောင်းများ |
| ရွှေမင်းသား ဖောင်ဒေးရှင်း | ပြည်တွင်း အန်ဂျီအို | ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးကုသစရိတ်၊ ဆေးရုံ ဆေးခန်းသို့ ခရီးသွားစရိတ်နှင့် အစားအသောက် ထောက်ပံ့ ပေးခြင်း |
| နယ်လှည့်ကျောပိုးအိတ် ဆေးတပ်ဖွဲ့ (BPHWT) | ပြည်တွင်း အန်ဂျီအို | မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း အတွင်း လှည့်လည် အရေးပေါ် ဆေးကုသမှု |
| ငြိမ်းချမ်းသောမြန်မာ နိုင်ငံအကူအညီပေးရေး ဖောင်ဒေးရှင်း | ပြည်တွင်း အန်ဂျီအို | ရွေ့ပြောင်းခြေတုတပ်ဆင် ပေးခြင်း |
| နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင် လူမျိုးများ ကူညီ စောင့်ရှောက်ရေး ကော်မတီ | လူထုအခြေပြုအဖွဲ့ အစည်း | ကရင်ပြည်နယ် မူသရောမြို့ နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတု လက်တု ထုတ်လုပ်သည်။ |
| ကရင်ကျန်းမာရေး နှင့် လူမှု ဖူလုံရေး ဌာန | လူထုအခြေပြုအဖွဲ့ အစည်း | ရှေးဦးသူနာပြုစုရေးအကူအညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း |
| **ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့** | လူထုအခြေပြုအဖွဲ့ အစည်း | ကရင်နီပြည်နယ် လွိုင်ကော် တွင် ခြေတုလက်တု တပ်ဆင် ပေးသည်။ |
| **ကရုဏာ လူမှုရေးဆောင်ရွက်မှုအသင်းတော် (KMSS ကွန်ယက်)** | ပြည်တွင်းအန်ဂျီအို (ဘာသာရေးအခြေခံ) | ရှေးဦးသူနာပြုစုခြင်းနှင့် လက်ငင်းအကူအညီထောက်ပံ့ခြင်း |
| မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ အသင်း (MPHA) | ပြည်တွင်း DPO | မသန်စွမ်းအခွင့်အရေးစည်းရုံးတိုက်တွန်းခြင်း။ အထောက်အကူပြု ပစ္စည်းများထုတ်လုပ်ခြz x င်း၊ အလုပ်အကိုင်မှတဆင့် ဝင်ငွေရလုပ်ငန်းများထည့်သွင်းရန် အားပေးခြင်း |
| အကူအညီ နှင့် ကယ်ဆယ်ရေးအသင်း - ဂျပန် (AAR Japan) | နိုင်ငံတကာ NGO | အသက်မွေးကြောင်းသင်တန်း၊ လူထုအခြေပြု ပြန်လည် နေရာချထားရေး၊ လွှဲပြောင်းရေးစနစ်၊ အသက်ရှင်ကျန်ရစ်သူများ အခွင့် အရေး/ စည်းရုံးတိုက်တွန်းခြင်း |
| Exceed Worldwide | နိုင်ငံတကာ NGO | ရန်ကုန် အမျိုးသားပြန်လည်ထူထောင်ရေးဆေးရုံ (NRH) တွင် ခြေတုအလုပ်ရုံ လည်ပတ် လုပ်ဆောင်နေခြင်း၊ မန္တလေး မြန်မာနိုင်ငံ ခြေတုလက်တု စာသင်ကျောင်းတွင် ခြေတု |

| | | |
|---|---|---|
| | | အလုပ်ရှိအသစ်အတွက် ငွေကြေးထောက်ပံ့ခြင်း။ |
| အနာကြီးရောဂါတိုက်ဖျက်ရေးအသင်း (မြန်မာနိုင်ငံ) | နိုင်ငံတကာ NGO | ပြန်လည်ပြုစုပျိုးထောင်ခြင်း နှင့်ခြေတု တပ်ဆင်ခြင်း |
| ဒိန်းမတ်မိုင်းတူးဖော်ရေးအဖွဲ့/ ဒိန်းမတ် ဒုက္ခသည် ကောင်စီ | နိုင်ငံတကာ NGO | ကချင်ပြည်နယ်အတွင်း မိုင်းနှင့် ERW အသက်ရှင် ကျန်ရစ်သူ များအတွက် ဆေးဝါး၊ ပြန်လည်ပြုစု ပျိုးထောင်ရေး စောင့်ရှောက်မှု နှင့် လွှဲပြောင်းရေး အကူအညီများ တိုက်ရိုက်ပေး သည်။ |
| Handicap International | နိုင်ငံတကာ NGO | လူမှုအသိုင်းအဝန်းအဆင့် အချက်အလက်ကောက်ယူခြင်း၊ ဝန်ဆောင်မှုနှင့် အခက်အခဲ လေ့လာသတ်မှတ်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ စိတ်ပိုင်း ဆိုင်ရာ အထောက်အပံ့၊ ရွေ့လျားနိုင်သောအထောက်ကအကူပြုပစ္စည်းများ ပြင်ပေးခြင်း၊ အကူအညီများတာဝန်ခံဆောင်ရွက်ခြင်းနှင့် အသက်ရှင် ကျန်ရစ်သူ/ မိုင်းဒဏ်သင့်သူ များ၏ လိုအပ်ချက်ကို စည်းရုံး တိုက်တွန်းခြင်း၊ MPHA စွမ်းရည်မြှင့်တင်ခြင်း။ |
| World Education | နိုင်ငံတကာအဖွဲ့အစည်း | ရပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ခြင်း၊ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရခြင်း၊ ဆေးဝါးနှင့် အသက်မွေး ဝမ်းကြောင်းရံပုံငွေများ အသုံးပြု ခွင့်ရှိခြင်း၊ အသက်ရှင် ကျန်ရစ်သူ/ ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များ ဆိုင်ရာ အကူအညီပေးခြင်းနှင့် စည်းရုံးတိုက်တွန်းခြင်းများဆိုင်ရာ တာဝန်ခံ ညှိနှိုင်းဆောင်ရွက်ခြင်း။ |
| **ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း** | နိုင်ငံတကာ အဖွဲ့အစည်း / အမျိုးသားအဖွဲ့အစည်း | ဘားအံခြေတုလက်တု တပ်ဆင် လေ့ကျင့်ရေးဌာနနှင့် ရပ်ဝေး ဒေသများတွင် ခြေတုလက်တု တပ်ဆင်ရေး အတွက် ထောက်ပံ့ ပေးသည်။ |
| ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (UNHCR) | UN | သယ်ယူပို့ဆောင်ခြင်း၊ အသက် မွေးဝမ်းကြောင်းလုပ် ငန်း အစီအစဉ်မှဆင့် စီးပွားရေး လုပ်ငန်းများထည့် သွင်းခြင်း အပါအဝင် စစ်ကြောင့် ထိခိုက် အနာတရ ဖြစ်ရသူများ၊ မြေမြှုပ် မိုင်းဒဏ်ခံ အသက်ရှင် ကျန်ရစ် သူများအတွက် ဆေးဝါးကုန် ကျစရိတ်နှင့် ပြန်လည်ပြုစု ပျိုးထောင်ရေး အတွက် လွတ်လပ်စွာ အသုံးပြုခွင့် ရှိသော ဘဏ္ဍာငွေ။ |

***အရေးပေါ် နှင့် ဆက်လက်လုပ်ဆောင်နေသော ဆေးဝါးအထောက်အပံ့***

မြန်မာနိုင်ငံ၏ ကျန်းမာရေးအခြေအနေသည် ဆယ်စုနှစ်ပေါင်းများစွာကြာ ဖြစ်နေသော တိုင်းရင်းသား ပဋိပက္ခ၊ ဗဟိုဦးစီးဆုံးဖြတ်ချက်များ နှင့် ဆရာဝန်များ၊ သူနာပြုများ နှင့် ရပ်ရွာကျန်းမာရေးလုပ်သားများအပါအဝင် ကျန်းမာရေး ပညာရှင်များ အစုလိုက်အပြုံလိုက် တိုင်းပြည်မှ စွန့်ခွာမှုများ၏ သတ်ရောက်မှု ခံနေရသည်။ ဆေး၊ ဆေးဖက်ဆိုင်ရာ ကရိယာများ နှင့် ဆေးရုံ ဆေးပေးခန်းခုတင်အလုံအလောက်မရှိပေ။ ဆေးရုံ အဆောက်အအုံများ သည်

ယိုယွင်းပျက်ဆီးနေပြီး၊ ပြန်လည်မွမ်းမံခြင်း လုပ်ဆောင်ရန် လိုအပ်နေသည်။ ကျန်းမာရေး အဆောက်အအုံ များအတွင်း လျှပ်စစ်ဓါတ်အား အလုံအလောက်ရှိမှုအတွက်လည်း စိန်ခေါ်ချက်တစ်ခု ဖြစ်နေသေးသည်။ လက်နက်ကိုင်ပဋိပက္ခ ဖြစ်နေသောဒေသများအတွင်း နှင့် ဝေးလံခေါင်သီသော ဒေသများအတွင်း နေထိုင်သော ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရန် "၂ ရက် ၃ရက် လမ်းလျှောက်ရသည်။"တိုင်းရင်းသားများနှင့် လူထုအခြေပြု ကျန်းမာရေး အဖွဲ့များမှ တာဝန်ပေးခန့်အပ်သော ကျန်းမာရေး လုပ်သားအများစုသည် ကနဦး သင်တန်းများ တက်ရသည်။ ထို့နောက် မယ်တော်ဆေးပေးခန်း သို့မဟုတ် တခြား တိုင်းရင်းသား ကျန်းမာရေး ဆေးပေးခန်းများမှ ဆေးဖက်ဆိုင်ရာ ကြီးကြပ်မှုနှင့်အတူ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှု ဆွေးနွေးပွဲများ ရံဖန်ရံခါ တက်ရသည်။ မြေမြုပ်မိုင်း ဒေသအတွင်း တာဝန်ထမ်းဆောင်နေသော ဆေးမှူးများသည် ထိခိုက်ဒဏ်ရာအတွက် သီးခြားသင်တန်းများ ပိုတက်ရသည်။ [107]

ရခိုင်ပြည်နယ်တွင်း လက်နက်ကိုင်လှုပ်ရှားမှုများကြောင့် အစိုးရက လုံခြုံရေးတိုးမြှင့်ဆောင်ရွက်မှုနှင့်အညီ ICRC ဝည် ကျန်းမာရေးဝန်ကြီးဌာနမှ မောင်းတောမြောက်ဖက်မှ နီးစပ်ရာဆေးရုံသို့ အပြင်လူနာလွှဲပြောင်းပေးခြင်း တစ်ခုချင်းအတွက် ကုန်ကျစရိတ်အထောက်အပံ့ကို ပိုမိုချဲ့ထွင်ပေးခဲ့သည်။[108]

မြန်မာနိုင်ငံတွင် ကျန်းမာရေးစနစ် နှစ်ခုအပြိုင်ဖြစ်နေသည်။ အထူးသဖြင့် ပဋိပက္ခသတ်ရောက်မှုရှိသော ဒေသများတွင်ဖြစ်ပြီး၊ ဗဟိုအစိုးရဝန်ဆောင်မှု နှင့် ဒေသခံ တိုင်းရင်းသား လူမှုအသိုင်းအဝန်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှု ပေးသူများဟူ၍ကွဲပြားသည်။[109] ကျန်းမာရေးလုပ်ငန်းစုပေါင်းအဖွဲ့ (HCCG) သည် ကျန်းမာရေးစနစ်ပိုကောင်းမွန်လာရေး ဆက်လက် ဦးတည်ဆောင်ရွက်နေသည်။ တိုင်းရင်းသားကျန်းမာရေးအဖွဲ့ လေးဖွဲ့ နှင့် လူထုအခြေပြု ကျန်းမာရေး အဖွဲ့လေးဖွဲ့ ပါဝင်သည်။ မြန်မာနိုင်ငံဆေးပညာရှင်အသင်း၊ နယ်လှည့်ကျောပိုးအိတ် ဆေးလုပ်သားများ အဖွဲ့၊ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ ကရင်နီ ရွှေ့ပြောင်း ကျန်းမာရေး ကော်မတီ၊ မယ်တော် ဆေးပေးခန်း၊ မွန်အမျိုးသားကျန်းမာရေးကော်မတီ၊ အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ နှင့် ရှမ်းကျန်းမာရေးကော်မတီတို့ ဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လတွင် HCCG သည် မြန်မာနိုင်ငံတွင် ဆင့်ကဲဆင့်ကဲ ကျန်းမာရေးစနစ်ထွန်းကားရေးခေါင်းစဉ်ဖြင့် ကျန်းမာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။ အစိုးရသစ်နှင့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအတွက် ကျန်းမာရေးမူဝါဒ နှင့် ကျန်းမာရေးစနစ် အကြံပြု ချက်များ ရရှိရေးအတွက် ရည်ရွယ်ခဲ့သည်။[110] ၂၀၁၆ - ၂၀၁၇ ခုနှစ် အတွက် နောက်ထပ်လှုပ်ရှားမှုများ ရှိသည်ဟု အစီရင်ခံမှုများ မရှိခဲ့ပေ။

### *ခြေတုလက်တုတပ်ဆင်ခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေး*

ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများသည် အဓိကမြို့ကြီးများတွင် တည်ရှိပြီး ခရီးစရိတ် အကုန်အကျ များသောကြောင့် မသန်စွမ်းသူများ အနေဖြင့် အထူးသဖြင့် ကျေးလက်ဒေသနေသူများအတွက် ၎င်း ဝန်ဆောင်မှုများကို အသုံးပြုရန် အခက်အခဲကြီးစွာ ရင်ဆိုင်ရသည်။ [111]

၂၀၁၆ ခုနှစ်တွင် ICRC သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ICRC ပူးတွဲ လည်ပတ်သော ဘားအံ အရိုးကုသမှု ပြန်လည်ပြုစုပျိုးထောင်ရေးဌာန (HORC) ကို ဆက်လက် ထောက်ပံ့ခဲ့သည်။ မန္တလေး၊ ရေနံသာ မြို့များအတွင်း ခရီးသွားလာရခက်ခဲသော ဒေသခံပြည်သူများအတွက် ကျန်းမာရေး ဝန်ကြီး ဌာနက ဖွင့်လှစ်ထားသော ဌာနသုံးခုကို ထောက်ပံ့ရန် ဖြစ်သည်။ ကချင်ပြည်နယ် မြစ်ကြီးနား ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနကိုလည်း ဖွင့်လှစ်ခဲ့သည်။ ICRC သည် အကူအညီအလိုအပ်ဆုံး လူနာများအတွက် လမ်းစရိတ် နှင့် ကုသမှုစရိတ်များ ထောက်ပံ့ ပေးခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း ICRC ကထောက်ပံ့ပေးသော ဝပ်ရှော့များမှ ခြေတု လက်တု တပ်ဆင်ပေးမှု ၃၉ ရာခိုင်နှုန်း (၇၆၄ ဦးအနက် ၃၀၁ ဦး) သည် မိုင်းနှင့် စစ်အတွင်း ကြွင်းကျန်ရစ်သော ပေါက်ကွဲ ပစ္စည်းများ ထိခိုက်ခံ အသက်ရှင် ကျန်ရစ်သူများ ဖြစ်ခဲ့သည်။ ယခင်နှစ်နှုန်း (၂၀၁၅ ခုနှစ်တွင် ၄၄ ရာခိုင်နှုန်း သို့မဟုတ် ၈၀၂ ဦးအနက် ၃၅၁ ဦး နှင့် ၂၀၁၄ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်း ၁၀၂၇ ဦးအနက် ၅၀၂ ဦး) နှင့်ယှဉ်ကြည့်ပါက လက်တွေ့တွင် ကျဆင်းလာ သည်ကိုတွေ့ရသည်။[112]

---

107 BPHWT, " မြန်မာနိုင်ငံနိုင်ငံတွင်းအိုးအိမ်မဲ့ပြည်သူများနှင့် အကာအကွယ်မဲ့ပြည်သူများအတွက် အခြေခံကျန်းမာရေးထောက်ပံ့ခြင်း။ ဇန် ၂၀၁၆။ နှင့် မြန်မာနိုင်ငံ၏ကျန်းမာရေးအခြေအနေအဆိုးဆုံးအခြေအနေသို့ရောက်။" ကရင်သတင်းစဉ် ၊၂၈ ဖွန် ၂၀၁၃။

108 ICRC, "Annual Report 2016," Geneva 2017, pp. 328–329.

109 Health Convergence Core Group, "Community health: We care for our own," Myanmar Times, 29 March 2016; Bill Davis and Kim Jolliffe, "Achieving Health Equity in Contested Areas of Southeast Myanmar," The Asia Foundation and Myanmar Development Research Institute – Centre for Economic and Social Development, Policy Dialogue Brief Series No. 12, June 2016; and HISGW, "About Us: Health Convergence Core Group," undated.

110 HCCG "Statement of Burma Health System Reform Seminar," Burma Partnership, 30 March 2016.

111 ICRC PRP, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃ခုနှစ်," Geneva, 2014, p. 52.

112 The ICRC's mobile repair workshop provided repairs in four townships in Kayin state, three townships in Kayah state, 11 townships in Eastern Bago region, seven townships in Tanintharyi region, and five townships in Mon state. Village volunteer repairmen provided repairs in four townships

၂၀၁၆ ခုနှစ်အောက်တိုဘာလတွင် ကချင်ပြည်နယ်တွင် မြစ်ကြီးနားရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေး ဌာနကို ဖွင့်လှစ်ခဲ့သည်။ IRC နှင့် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်မှုမှတဆင့်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ကုတင် ၆၀ ဆန့် ဌာနသည် အပြည့်အဝ လည်ပတ်နိုင်ပြီဆိုပါက တနှစ်လျှင် လူနာ ၁၅၀၀ အတွက် ခြေတုလက်တု နှင့် ပြန်လည်ပျိုးထောင်ရေးများ ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ခဲ့သည်။[113] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ် အတွင်း ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံနှင့် မြစ်ကြီးနားတွင် ပြန်လည် ပျိုးထောင်ရေးဌာန ၂ ခု တည်ထောင်ရန် ICRC ၏ တင်ပြချက်ကို သဘောတူ ခွင့်ပြုခဲ့သည်။ ထိုဌာနများသည် ပဋိပက္ခဒဏ်ခံနေရသော အဆိုပါ ဒေသတွင်းအတွက် ဝန်ဆောင်မှု လိုအပ်ချက်မြင့်မားမှုကို ဖြေရှင်းပေးရန် အတွက် လိုအပ်ခဲ့သည်။[114]

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် Exceed Worldwide သည် မန္တလေးအရိုးအထူးကုဆေးရုံတွင် ခြေတု-လက်တုဌာနအသစ်တစ်ခု ဖွင့်လှစ်ခဲ့သည်။ ဂျပန်နိုင်ငံမှ အထောက်အပံ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးတွဲ၍ တည်ထောင်ခဲ့သော ထိုဌာနသည် မန္တလေး နှင့် အနီးဝန်းကျင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လိုအပ်သော ပြည်သူများအတွက် ခြေတုလက်တုဝန်ဆောင်မှုများ ပေးရန် စီစဉ်ခဲ့သည်။ [115]

MPHA သည် ရန်ကုန်မြို့ ဝင်းရုံးခန်းရှိ အသေးစားအလုပ်ရုံမှ ခြေတုများ ထုတ်လုပ်သည်။ MPHA ၏ အဖွဲ့ဝင် သုံးပုံတစ်ပုံသည် မြေမြုပ်မိုင်းဒဏ်ရာရခဲ့သူများဖြစ်သည်။[116]

HI သည် ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ နှင့် အသက်မွေးဝမ်းကြောင်း အထောက်အပံ့များ အပါအဝင် ကရင်ပြည်နယ်နှင့် ပဲခူးအရှေ့ခြမ်းဒေသများအတွင်းရှိ ထိခိုက်နစ်နာခံရသူများကို အကူအညီပေးသည်။ HI နှင့် MPHA သည် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် မသန်စွမ်းသူများအကူအညီပေးခြင်း အစီအစဉ် တစ်ခုကို ပူးတွဲ ဖန်တည်းခဲ့သည်။ ထိုအစီအစဉ်မှ UNICEF က ထောက်ပံ့သော ဒေသခံ နစ်နာသူများအကူအညီပေးဌာန တစ်ခုကို အောက်ပါလုပ်ငန်းများအတွက် တည်ထောင်ခဲ့သည်။

- CRPD နှင့် မသန်စွမ်းသူများအခွင့်အရေး မြန်မာနိုင်ငံ၏ ဥပဒေများမှ မိုင်းကြောင့် အသက်ရှင်ကျန်ရစ်သူများနှင့် တခြားမသန်စွမ်းသူများ၏ အခွင့်အရေးများကို မြှင့်တင်သော သတင်းအချက်အလက်များ
- အသက်ရှင်ကျန်ရစ်သူများနှင့် တခြားမသန်စွမ်းသူများ လူမှုရေးပါဝင်မှုကို မြှင့်တင်ရန် လူမှုစုဆည်းတွေ့ဆုံမှုများ စီစဉ်ခြင်း။
- ဝန်ဆောင်မှုလမ်းညွှန်ဖန်တည်းခြင်း။
- လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်း ၉ ဦးမှတဆင့် အိမ်တိုင်ရာရောက် သူငယ်ချင်း အချင်းချင်း စိတ်ပိုင်းဆိုင်ရာအကူအညီပေးခြင်း။
- ICRC လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်း ၄ ဦးမှတဆင့် တစ်ဦးချင်းစီနှင့်ကိုက်ညီသော အထောက်အကူပြု ပစ္စည်းများ၊ ခြေတု၊ လက်တုများကို လူထုအခြေပြု ပြင်ဆင်ခြင်း နည်းလမ်းများ။[117]

World Education အဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ မိုင်း/စစ်အတွင်းကြွင်းကျန်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် ထိခိုက်နစ်နာခဲ့သူများအတွက် ခြေတုအလုပ်ရုံတစ်ခု ထောက်ပံ့ပေးခဲ့သည်။ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် နစ်နာခဲ့သူများအကူအညီပေးခြင်းနှင့် မသန်စွမ်းသူများအစီအစဉ်ကို ဖွင့်လှစ်ခဲ့သည်။ မသန်စွမ်းသူများ နှင့် မြေမြုပ်မိုင်းကြောင့်အသက်ရှင်ကျန်ရစ်ခဲ့သူများကို ကူညီပေးနေသော ဒေသခံ အဖွဲ့အစည်းများအတွက် စွမ်းရည်နှင့် အားလုံးပါဝင်မှုမြင့်မားလာရေး ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများအကြား စည်းရုံးတိုက်တွန်းခြင်း၊ ဆေးဝါးကုသခွင့်၊ စီးပွားရေးလုပ်ငန်းများအတွင်း ပါဝင်နိုင်မှုအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ငွေကြေးအကူအညီရရှိခွင့်၊ လူမှုဖူလုံရေးဌာန၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ DPO များနှင့် တခြား ဝန်ဆောင်မှုပေးသူများအပါအဝင် မသန်စွမ်းသူများအရေးဆောင်ရွက်သူများနှင့် ကွန်ယက် တည်ဆောက်ခြင်းနှင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်ခြင်းများပါ ပါဝင်သည်။ [118]

in Tanintharyi and Eastern Bago regions. Email from Didier Reck, ICRC, 7 June 2016; ICRC, "Annual Report 2016," Geneva, 2017, p. 331; ICRC, "Annual Report 2015," Geneva, 2016, p. 346; and ICRC, "Annual Report 2014," Geneva, 2015, p. 293.

113 "Standing strong: New facility to help Myanmar landmine victims, amputees," Channel News Asia, December 2016; and ICRC, "New centre brings physical rehabilitation services to northern Myanmar," 29 November 2016.

114 ICRC PRP, "Annual Report 2014," Geneva, 2015, p. 58.

115 "PO Center officially launched in Mandalay," Yadanabon News, 18 January 2017.

116 "Suddenly, there was an explosion," Frontier Myanmar, 10 August 2016; and MPHA, "MPHA Activities," 2015.

117 HI, "Federal Information – Country Card: Myanmar," 2016; HI, "Victim Assistance in Disability Program in Kyaukkyi Township of Eastern Bago Region, Lessons Learnt Paper," April 2016; interview with Yann Faivre, HI, Yangon, 9 June 2016; and response to Monitor questionnaire by Marie Mabrut, HI, 13 October 2016.

118 World Education, "Victim Assistance and Disability Program in Kayah State," undated.

ငြိမ်းချမ်းသော မြန်မာအကူအညီပေးရေးဖောင်ဒေးရှင်းက ပဲခူးတိုင်း အရှေ့ခြမ်း ရွှေကျင်မြို့နယ်အတွင်း ခြေတုလက်တု ထောက်ပံပေးသော ရွှေ့ပြောင်း ခြေတုလက်တု ဝပ်ရှော့တခု ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။. [119]

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် အခမဲ့ ပြန်လည်ပြုစုပျိုးထောင်ရေးစခန်းတစ်ခုကိုဖွင့်လှစ်ခဲ့ပြီး ကိုယ်အင်္ဂါချို့တဲ့သူ ၄၀၀ အတွက် ခြေတုလက်တုများထောက်ပံ့ပေးခဲ့သည်။ အများစုမှာ မြေမြှုပ်မိုင်းသင့်ပြည်သူများ ဖြစ်ကြသည်။ စခန်းအတွက် ပြန်လည်ပျိုးထောင်ရေးနှင့် နည်းပညာအကူအညီများကို ဦးနုဒေါ်မြရီဖောင်ဒေးရှင်း (UNDMYF) ၏ အကူအညီနှင့်အတူ Bhagwan Mahaveer Viklang Sahayata Samiti (BMVSS - ဂျိုင်ပါခြေထောက် ဖောင်ဒေးရှင်းဟုလည်း လူသိများ သည်) က ထောက်ပံ့ပေးခဲ့သည်။ ထိုပရောဂျက်သည် အန္ဒိယနိုင်ငံ၏ အထောက်အပံ့ ရရှိခဲ့သည်။[120]

### *စိတ်ပိုင်းဆိုင်ရာအထောက်အပံ့*

၂၀၁၅ခုနှစ် မတ်လတွင် လူထုအခြေပြုခြေတုလက်တု ဝန်ဆောင်မှု အဖွဲ့တစ်ခုနှင့်ပူးပေါင်း၍ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့အစီအစဉ်တခုကို အသက်ရှင်ကျန်ရစ်သူများအတွက် Handicap International၊ MPHA နှင့် ICRC က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပူးတွဲ အစီအစဉ်မှတဆင့် ပဲခူးတိုင်းအရှေ့ပိုင်း ကျောက်ကြီးမြို့နယ် အတွင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မိုင်းဒဏ်သင့်ပြည်သူ အကူအညီပေးရေးဌာနကို ဖန်တီးခဲ့သည်။[121] ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ စ၍ စိတ်ပညာရှင်တစ်ဦးက လေ့ကျင့်ပေးထားသော MPHA နှင့် လက်တွဲဆောင်ရွက်သည့် လူမှုအသိုင်းအဝန်းမှ မသန်စွမ်းသူ စေတနာ့ဝန်ထမ်း ၃၀ ဦးမှတဆင့် တဦးချင်းနှစ်သိမ့်အားပေးမှုအထိ စိတ်ပိုင်းဆိုင်ရာ အထောက်အကူပြုမှုကို ကန့်သတ်ခဲ့သည်။[122]

### *စီးပွားရေး နှင့် လူမှုရေးဆိုင်ရာပေါင်းစပ်မှု*

မသန်စွမ်းသူများနှင့်ပတ်သက်၍ နားလည်မှု အားနည်းခြင်း အခြေခံအဆောက်အအုံ အသုံးပြုနိုင်မှု စနစ် ညံ့ဖျင်းသောကြောင့် မသန်စွမ်းသူများအတွက် ပညာသင်ခွင့်နှင့် အလုပ်အကိုင်ရခွင့် ခက်ခဲသည်။ ၂၀၁၅ ခုနှစ်အတွင်း Work Education အဖွဲ့သည် ကရင်ပြည်နယ်အတွင်း မြေမြှုပ်မိုင်းကြောင့် အသက်ရှင် ကျန်ရစ်ခဲ့ သူများနှင့် တခြားမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများနှင့် အသေးစား စီးပွားရေး အစပြုအထောက်အပံ့များ ကူညီပေးခဲ့သည်။ [123]

အကူအညီ နှင့်ကယ်ဆယ်ထောက်ပံ့ရေး အသင်း (AAR – Japan)၊ မသန်စွမ်း သူများအတွက် အသက်မွေး ဝမ်းကြောင်း သင်တန်းဌာနမှ စက်ချုပ်သင်တန်း၊ ဆံပင်အလှပြင် သင်တန်း၊ ကွန်ပြူတာသင်တန်းများကို ရန်ကုန်မြို့တွင် အခမဲ့ သင်ကြားပေးသည်။ဌာနသည် စီးပွားရေးအရ သီးခြား လွတ်လပ်စွာ ရပ်တည်နိုင်ရန်၊ အလုပ်အကိုင်ရရန်၊ ကိုယ်ပိုင်ဆိုင်ဖွင့်ရန်၊ သင်တန်းတွင် ဆရာဖြစ် ပြန်လည် ဆောင်ရွက်နိုင်ရန်အတွက် ကူညီပေးသည်။[124]

ပညာရေးဝန်ကြီးဌာန မူဝါဒ သည် မသန်စွမ်းသူများကို ခွဲခြားဆက်ဆံနေသည်ဟု ပြောဆိုမှုများ ရှိသည်။ ဥပမာ စာသင်ကျောင်းများသည် မသန်စွမ်းကလေးငယ်တစ်ဦး ကျောင်းလာအပ်ပါက ကျောင်းမှ ထိုကျောင်းသားအတွက် အထောက်အပံ့မပေးနိုင်ဟု ခံစားရပါက ထိုကျောင်းသား၏ ကျောင်းအပ်လွှာကို ငြင်းပယ်နိုင်သည်။ ပညာရေးဌာနသည် စာသင်ကြားရေး နေရာများအတွက် ဆရာများ ခေါ်ယူရာတွင်လည်း အလုပ်ကြေငြာတွင် မသန်စွမ်းသူများကို လျှောက်ထားရန် မလိုဟု ရေးသားထားသဖြင့် မသန်စွမ်းသူများကို ခွဲခြားဆက်ဆံသည်ဟု သိနိုင်သည်။ ထိုအလေ့အထနှင့်ပတ်သက်၍ တုန့်ပြန်ပြောဆိုရာတွင် " မိမိတို့အနေဖြင့် အခြေခံစာသင်ကျောင်းများတွင် ပုံမှန် ခြေလက်အင်္ဂါစုံသော ဆရာများကို ခန့်အပ်ရန် လိုအပ်သည်" ဟု ဝန်ကြီးဌာန ကိုယ်စားလှယ်တစ်ဦးက ပြန်လည်ဖြေကြားထားသည်။[125]

---

119 James Nickerson, "The tragedy of landmine warfare in Myanmar," Al Jazeera, 30 October 2016; and email from Col. Thant Zin, Director, Peace Myanmar Aid Foundation, 25 September 2014.

120 Htike Nanda Win, "Most disabled lost limbs in land mines," Myanmar Times, 17 February 2017.

121 HI, "Federal Information – Country Card: Myanmar," 2016; HI, "Victim Assistance in Disability Program in Kyaukkyi Township of Eastern Bago Region, Lessons Learnt Paper," April 2016; interview with Yann Faivre, HI, Yangon, 9 June 2016; response to Monitor questionnaire by Marie Mabrut, HI, 13 October 2016; and email from Yann Faivre, HI, 29 October 2015.

122 HI, "Consultancy- Mental Health and Psychosocial Support," August 2017.

123 ဒါရိုက်တာမခင်မာအောင် World Education ထံမှ အီးမေး။ ၁၂ ဖွန်၊၂၀၁၆။ နှင့် World Education, ကယားပြည်နယ်အတွင်း မသန်းစွမ်းသူများပရောဂျက်မှ နှစ်နာသူများအကူအညီပေးခြင်း ရက်စွဲမသိရ။

124 AAR Japan, "Activities in Myanmar (Burma)," ရက်စွဲမသိရ။.

125 Thi Kha, "Disabled pour scorn on discriminatory policy," Frontier Myanmar, 28 March 2017.

***ဥပဒေများ နှင့် မူဝါဒများ***

၂၀၁၅ ခုနှစ် ဇွန်လ တွင် ပြည်ထောင်စုလွှတ်တော်က မသန်စွမ်းသူများအခွင့်အဆိုင်ရာ ဥပဒေကို အတည်ပြုခဲ့သည်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေအတွက် နည်းဥပဒေများရေးဆွဲခြင်း လုပ်ငန်းစဉ်ကိုလည်း ထိုလထဲတွင် စတင်ခဲ့သည်။[126] ရုပ်ပိုင်းဆိုင်ရာ၊ အကြားအာရုံ၊ အမြင်အာရုံ၊ ဉာဏ်ပညာအဆင့်အတန်း နှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်သူများကို အလုပ်အကိုင်ခန့်အပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ရယူခြင်း၊ တရားရေးနှစ် သို့မဟုတ် တခြားအစိုးရဝန်ဆောင်မှုများ ထောက်ပံ့ခြင်းများတွင် ခွဲခြား ဆက်ဆံခြင်းမရှိစေရဟု ထိုဥပဒေတွင် တားမြစ်ထားသည်။

မသန်စွမ်းသူများသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို လွယ်လွယ်ကူကူအသုံးပြုနိုင်ရန် အစိုးရမှ ဆောင်ရွက်ပေးရမည်ဟု ဥပဒေက ညွှန်ကြားထားသည်။ ၂၀၁၆ ခုနှစ်တွင် အစိုးရသည် မသန်စွမ်းဥပဒေအတွက် လုပ်ငန်းလမ်းညွှန်မူကြမ်းများ ရေးဆွဲနေဆဲဖြစ်ပြီး ဥပဒေအားလုံးကို ထိထိရောက်ရောက် အသက်ဝင်ခြင်း မရှိသေးပေ။ [127]

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ဥပဒေပြုအရ မသန်စွမ်းသူများကိုယ်တိုင် ပါဝင်မှုရှိစေရန်အတွက် နည်းဥပရေးဆွဲခြင်း ပထမအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ် - MFPD (မြန်မာနိုင်ငံ မသန်စွမ်းသူများ ကောင်စီ - MCPD ဟုလည်းလူသိများသည်) ပါဝင်မှုနှင့်အတူ ကျင်းပခဲ့သည်။[128] သို့သော် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် အကောင်အထည်ဖော်ခြင်း စည်းမျဉ်းဥပဒေများကို မထုတ်ပြန်သေးဟု သိရသည်။[129]

၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် မြန်မာနိုင်ငံသည် အမျိုးသားလူမှုရေးဆိုင်ရာ အကာ အကွယ်ပေးရေး မဟာဗျူဟာစီမံကိန်းကို လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတဆင့် ပြဌာန်းကာ စတင် ခဲ့သည်။ မသန်စွမ်း သူများ သတ်မှတ်ထားခြင်းခံရသူအားလုံးကို ယင်းအစီအစဉ်မှ ထောက်ပံ့ငွေ ပေးမည် ဖြစ်သည်။[130]

မသန်စွမ်းစစ်မှုထမ်းဟောင်းများသည် ဦးစားပေးအဆင့်နှင့် အကျိုးခံစားခွင့်ရှိသည်။ ပုံမှန်အားဖြင့် တူညီသော လစာနှုန်းထားနှင့် အစိုးရဌာနဆိုင်ရာလုပ်ငန်းများတွင် ဖြစ်သည်။ စစ်မှုထမ်းဟောင်း မဟုတ်သော မသန်စွမ်းသူများအတွက် တရားဝင်အကူအညီသည် ယာယီမသန်စွမ်းဖြစ်သူအတွက် လစာ၏ သုံးပုံနှစ်ပုံကို တနှစ်စာပေးပြီး၊ ထာဝရ မသန်စွမ်းသူများအတွက် အခွန်လွတ် ထောက်ပံ့ငွေ ပေးသည်ဟု မူအားဖြင့် ရှိသည်။ သို့သော် ပုဂ္ဂလိကကဏ္ဍမှ မသန်စွမ်းဖြစ်ခဲ့သူများအတွက် အစိုးရက အလုပ်အကိုင်ကာကွယ်ပေးမှု မပေးပေ။[131] စစ်ပြန်မသန်စွမ်းများအတွက် ပင်စင်ငွေသည် လုံလောက်မှုမရှိသော်ငြား ၂၀၁၅ ခုနှစ်တွင် ၎င်းတို့ယခင်ရသော ငွေပမာဏထက် သုံးဆ ပိုမြင့်တက်ခဲ့သည်။ ပင်စင်လစာ ၉ သောင်းကျပ်အပြင် ခြေလက်အင်္ဂါဆုံးရှုံးသော စစ်ပြန်များအတွက် တလလ ၂ျင် ခံစားခွင့် တစ်သိန်း ကျပ် (ဒေါ်လာ ၈၀ ခန့်) ရရှိသည်။ မျက်စိကွယ်သော စစ်ပြန်များတွက် တလလ ၂ျင် ကျပ်ငွေ တစ်သောင်းနှစ်ထောင် ရသည်။ [132]

ထိခိုက်ဒဏ်ရရသော တခြားဆင့်စစ်သားများ အထူးသဖြင့် အရာရှိများကို ၎င်းတို့၏ ပညာရေးနှင့် မသန်စွမ်းဖြစ်မှု အတိမ်အနက်အပေါ် မူတည်၍ စစ်ဖက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်များနှင့် တခြားအထောက်အကူပြု နေရာများတွင် အလုပ်တာဝန်ပေးလေ့ရှိသည်။ စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့မိသားစုမှ အခမဲ့ရယူနိုင်သော ဒါဇင်ပေါင်းများစွာရှိသည့် စစ်တပ်မှ တည်ဆောက်ပေးထားသော လူနေအိမ်ယာများစွာရှိသည်ဟု ယုံကြည်ရသည်။ သို့သော် သာမန်စစ်သားများအဖို့ လုပ်ငန်းအခွင့်အလန်း နှင့် ဝင်ငွေရပေါက်လမ်းများ နည်းပါးသည်။ အခမဲ့အိုးအိမ်များသည် ပုံမှန်အားဖြင့် အလုပ်အကိုင်မရနိုင်သော၊အခြေခံ ဝန်ဆောင်မှုများဖြစ်သော ရေ နှင့် လ ၂ျပ်စစ် များမရှိသော နေရာများတွင် တည်ရှိလေ့ရှိသည်။ စစ်ပြန်အများစု၏ ကလေးများသည် ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမားအဖြစ် ရပ်တည်နေကြပြီး မိသားစုများကို ပြန်ထောက်ပံ့စရိတ်ဖြင့် အကူအညီပေးကြသည်။ [133]

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသည် CRPD ကို သဘောတူ လက်မှတ်ရေး ထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် စာချုပ် အသက်ဝင်ခဲ့သည်။ MPHA သည် မြန်မာနိုင်ငံအတွင်း CRPD သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ရန် အစီရင်ခံစာတင်ရန်အတွက် DPO များ၏ လုပ်နိုင်စွမ်းမြှင့်တင်ခြင်းအတွက်

126 မသန်းစွမ်သူများအခွင့်အရေးဥပဒေ ၂၀၁၅။ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်၃၀၊ နယုန်လဆုတ်၄ ရက်၊ ၁၃၇၇ ခုနှ်၊ဇွန် ၅ ၂၀၁၅။

127 US Department of State, "2016 Country Reports on Human Rights Practices: Burma," Washington, DC, March 2017.

128 Email from Yann Faivre, HI, 29 October 2015.

129 Htike Nanda Win, "Disabled people suffer from neglect, despite existing laws," Myanmar Times, 13 September 2017.

130 ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ။ "မြန်မာနိုင်ငံအမျိုးသားလူမှုရေးကာကွယ်ပေးမဟာဗျူဟာ အစီအစဉ်။" ဒီဇင်ဘာ ၂၀၁၄။ စာ ၅၃။ မသွန်စွမ်း သူများဥပဒေ မပြဌာန်းမပြီးသရွေ့ ထောက်ပံ့ကြေးငွေ မရနိုင်သေး နှင့် အစိုးရသည် တရားဝင်သတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည် ဖေါ် မည်။

131 Official assistance to nonmilitary persons with disabilities in principle included two-thirds of pay for up to one year for a temporary disability and a tax-free stipend for permanent disability. While the law provides job protection for workers who become disabled, authorities did not implement it.

132 Htet Khaung Linn, "On society's fringes, disabled Tatmadaw veterans languish in poverty," Myanmar Now, 11 October 2016.

133 Ibid.

ဒုတိယနှစ်စာ ဘဏ္ဍာငွေ ရရှိခဲ့သည်။ ထို့အပြင် CRPD ကော်မတီသို့ အစားထိုးအစီရင်ခံစာ (Shadow report) ပြင်ဆင်ခြင်းအတွက်ပါ ဘဏ္ဍာငွေ ရရှိခဲ့သည်။[134]

***ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများအတွက် မိုင်းဒဏ်သင့်အကူအညီ***

ထိုင်းနိုင်ငံသို့ထွက်ပြေးတိမ်းရှောင်ကြသော မြန်မာနိုင်ငံမှ မြေမြုပ်မိုင်း အသက်ရှင်ကျန်ရစ်သူများ သည် မဲဆောက်မြို့ရှိ မယ်တော်ဆေးပေးခန်းတွင်သော်လည်းကောင်း ICRC မှတဆင့်လွှဲပြောင်းပေးခြင်းဖြင့် ထိုင်းမြန်မာ နယ်စပ်နှင့်ထိစပ်သော ခရိုင်ပြည်သူ့ဆေးရုံများနှင့် HI ဝန်ဆောင်မှုပေးသော ဒုက္ခသည်စခန်းများတွင် လည်း ဆေးဝါးကုသမှု ခံယူနိုင်သည်။[135]

***ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်များအတွက် အကူအညီ***

၂၀၁၇ ခုနှစ် အောက်တိုဘာလမှစ၍ ရိုဟင်ဂျာအရေးကို တုန့်ပြန်ဆောင်ရွက်သည့်အနေဖြင့် HI သည် လက်ငင်းပြန်လည်ပြုစုပျိုးထောင်ရေး သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအကူအညီများ ထောက်ပံ့ပေးသည်။ ဒေသခံ မသန်စွမ်းသူများနှင့် ဖွံ့ဖြိုးမှု ဌာနနှင့် ပူးပေါင်း၍ HI သည် ဘင်္ဂလားဒေ့ရှ် နယ်စွန်ဒေသများတွင် ရုပ်ပိုင်းဆိုင်ရာကုသပေးမှုနှင့် ခြေတုလက်တုတိုင်းတာမှုများအတွက် လုပ်ငန်းအပြည့်အစုံ လည်ပတ်နိုင်သော ရွေ့ပြောင်း ဌာနတစ်ခု ဖွင့်လှစ်ဆောင်ရွက်သည်။[136]

ဖြန်ကျက်မှု။ မိုင်း၊ အဓိကလူသတ်မိုင်း (များသည် သို့သော် အတိအကျမသိနိုင်) နှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ (ERW)

**မိုင်းအရေးဆောင်ရွက်ခြင်း**

**အကျဉ်းချုပ်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ နှင့် မိုင်း မည်၍မည်မ ျှရှိသည်ကို မသိနိုင်ပေ။၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ဖက်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်စပ်တွင် မိုင်းဖြန့်ကျက်မှု အသစ် ရှိနေသော အစီရင်ခံမှုများ ရှိခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှု လုပ်ငန်းများ (non-technial survery operations) ကို ပထမဆုံးအကြိမ် သဘောတူခွင့်ပြုခဲ့သည်။ သို့သော် စစ်တမ်းကောက်ယူသူများသည် မိုင်းနေရာသတ်မှတ်ရန် သို့မဟုတ် မိုင်းရှင်းလင်းရန်အတွက် အခွင့်အာဏာမရခဲ့ပေ။

***လုပ်ငန်း အကြံပြုချက်များ***

- မြန်မာနိုင်ငံသည် မိုင်းအရေးဦးတည်လုပ်ငန်းများအတွက် တရားဝင်ဆုံးမှတ်တခု ပေးနိုင်ရန် မိုင်းအရေးဆောင်ရွက်မှု ဌာနတစ်ခု ဖွင့်လှစ်သင့်သည်။ မိုင်းဖြန့်ကျက်တည်ရှိမှု နှင့် နစ်နာရသူများဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် တုန့်ပြန်ဆောင်ရွက်ခြင်းနည်းလမ်းများ ရှာဖွေရန် သက်ဆိုင်ရာ ပါဝင်သူများဖြင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်ခြင်းများကိုပါ လုပ်ဆောင်သင့်သည်။

**မိုင်းပြန့်ကျက်တည်ရှိမှု**

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရသည့်အချိန်မှစ၍ တပ်မတော်နှင့် လူနည်းစု တိုင်းရင်းသားများနှင့် ဆက်နွယ်သော အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော လက်နက်ကိုင် ပဋိပက္ခများကြောင့် မိုင်းအမြောက်အများပျံ့နှံ့တည်ရှိနေသော နိုင်ငံတစ်နိုင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊တရုတ် နှင့် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် မိုင်းများထောင်ထားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဆယ်ခုအတွင်း ရှိ မြို့နယ် ၇၁ ခန့် (စုစုပေါင်း ၃၂၅ မြို့နယ်အနက်) သည် မိုင်းပျံ့နှံ့မှု အတိုင်းအတာတစ်ခုအထိရှိနေပြီး အထူးသဖြင့် လူသတ်မိုင်းများ အန္တရာယ်ကို ခံစားနေရသည်ဟု ယုံကြည်ရသည်။[137]

---

134 Disability Rights Fund, "Myanmar: Archives," undated; and Disability Rights Fund, "Our Grantees: Myanmar Physically Handicapped Association," 2016.

135 ပိုမိုသိရှိလိုပါက , ICBL-CMC Country Profiles on Thailand ကိုကြည့်ပါ။

136 HI, "Rohingya crisis: Expanding our emergency response," 20 October 2017.

137 This reporting period saw the largest increase, compared to previous years, in the number of townships believed to have suspected hazardous areas. In 2009, the Monitor identified 23 townships from available data with suspected contamination in eight states and regions. Increased reports of contamination are a result of increased access to information and an increase in armed conflict in the northern areas. မြန်မာနိုင်ငံသည်

လွန်ခဲ့သော နှစ်များအတွင်း မိုင်းဖြန့်ကျက်တည်ရှိမှုသည် ရှမ်းပြည်မြောက်ဖက် နှင့် ကချင်ပြည်နယ်တွင် အလွန်တိုးများခဲ့သည်။ ကရင်ပြည်နယ် နှင့် ပဲခူးတိုင်းဒေသကြီးများသည် မိုင်းပြန့်နှံ့မှု အများဆုံး နေရာများဖြစ်ပြီး မိုင်းထိသူအမြင့်ဆုံးမှတ်တမ်းတင်ထားသော နေရာများလည်း ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ချင်းပြည်နယ်များနှင့် အိန္ဒိယ နယ်စပ်အနီး မြို့နယ်များကို သံသယရှိဖွယ် အန္တရာယ်များသော ဒေသများ (Suspected Hazardous Areas – SHAs) အဖြစ် ယူဆထားသည်။ [138]

၂၀၁၇ ခုနှစ်တွင် တပ်မတော်သည် ဩဂုတ်လနှင့် စက်တင်ဘာလအကြား စစ်ဆင်ရေးကာလအတွင်း ရခိုင်ပြည်နယ် မြောက်ဖက်နှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်အကြားတွင် လူသတ်မိုင်းများ ထောင်သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ ထိုစစ်ဆင်ရေးကြောင့် ထွက်ပြေးသူ ရိုဟင်ဂျာအရပ်သားများအကြား ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။[139] မြန်မာနိုင်ငံတွင် တပ်မတော်နှင့် တခြား အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ အသုံးပြုမှုနှင့်ပတ်သက်သော တင်ပြမှုများကို ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် အစီရင်ခံတင်ပြခဲ့သည်။ (အသေးစိတ်ကို မြန်မာနိုင်ငံ မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်မှု နိုင်ငံဆိုင်ရာ အစီရင်ခံစာတွင် ကြည့်ပါ။)

မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြုပ်မိုင်းစောင့်ကြည့် လေ့လာရေးအဖွဲ့သည် အောက်ဖေါ်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များအား SHA ဒေသများအဖြစ် သတ်မှတ်ထားသည်။

- ကရင်နီပြည်နယ် - မြို့နယ် ခုနှစ်မြို့နယ်စလုံး
- ကရင်ပြည်နယ် - မြို့နယ် ခုနှစ်မြို့နယ်စလုံး
- ကချင်ပြည်နယ် - ဖန်းမော်၊ချီဖွေ၊ ဖားကန့်၊ မန်စီ၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမောက်၊ မူဆယ်၊ မြစ်ကြီးနား၊ ရွှေကူ၊ဆင်ဘို၊ ဆမ်ပရာဘန်၊ တနိုင်း၊ဆော့လော်နှင့် ဝိုင်းမော်
- မွန်ပြည်နယ် - ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ်
- ပဲခူးတိုင်းဒေသကြီး - ကျောက်ကြီး၊ ရွှေကျင်၊ သနပ်ပင် နှင့် တောင်ငူ
- ရခိုင်ပြည်နယ် - မောင်းတော
- ရှမ်းပြည်နယ် - ဟိုပုံး၊ သိန္နီ၊ ဆီဆိုင်၊ သီပေါ၊ကွမ်းယန်၊ ကွတ်ခိုင်၊ ကျောက်မဲ၊ လန်ခို၊ လားရှိုး၊လွိုင်လင်၊ လောက်ကိုင်၊ မိုင်းတုံ၊မောက်မိုင်၊မိုင်းရှူး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ နမ့်ဆန်၊ တာချီလိတ်၊ နမ့်မတူ၊ နမ်ခမ်း၊ ယောက်ဆပ် နှင့် ရွာငံ
- တနင်္သာရီတိုင်းဒေသကြီး - ဘုတ်ပြင်း၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ သရက်ချောင်း နှင့် ရေဖြူ
- ချင်းပြည်နယ်။ ပလက်ဝ နှင့်
- စစ်ကိုင်းတိုင်းဒေသကြီး ။ အင်းတော်

၂၀၁၆ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သော မြန်မာနိုင်ငံအတွင်း လူသားချင်းဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုအတွက် လေ့လာအကဲဖြတ်တစ်ခုတွင် အောက်ပါအတိုင်း သုံးသပ်ခဲ့သည်။ “မိုင်းပျံ့နှံ့မှုသည် ဒုက္ခသည်များ နေရပ်ရင်းပြန်လာရေး အတွက် ကြီးစွာသော အဟန့်အတား ဖြစ်နေသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊

ပြည်နယ်နှင့်တိုင်းဒေသကြီးများဟူ၍ ပိုင်းခြားသည်။ တိုင်းရင်းသားများနေထိုင်ရာကို ပြည်နယ်များဟူ၍ သတ်မှတ်သည်။ တိုင်းရင်းသားအုပ်စုအတိအကျမရှိသော တခြားဒေသများကို အုပ်ချုပ်ရေးဒေသကြီးများအဖြစ် သတ်မှတ်သည်။ စစ်အစိုးရဟောင်းသည် ၁၉၈၉ ခုနှစ်တွင် Burma မS Myanmar သို့ ပြောင်းလဲခဲ့သည်။ ပြည်နယ်တချို့၏ အမည်များကိုလည်း ပြောင်းလဲခဲ့သည်။ တိုင်းရင်းသားအုပ်စုအများစုက Burma ဟူသောအမည်ကို ဆက်လက်ခေါ်ဝေါ်နေဆဲဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများအတွင်း အမည်များကို အများခေါ်သောအမည်များဖြင့် ခေါ်ဝေါ်ကြခြင်း သို့မဟုတ် နဖအအစိုးရပေးသော အမည်ကို ကွင်းအတွင်းထည့်သွင်း၍သော်လည်းကောင်း သုံးစွဲကြသည်။

138 Monitor မှ ဆောင်ရွက်သော သုတေသန။ ထိခိုက်အနာတရဖြစ်မှု သတင်းအချက်အလက်၊ မိုင်းသတိပေးမှုအမှတ်အသားများ၊ အန်ဂျီအိုနှင့် တခြား အဖွဲ့အစည်းများမှ တင်ပြသော အစီရင်ခံစာများအပြင် ကွင်းဆင်းဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ မေးမြန်းခြင်းမှ ရရှိသည့် အချက်အလက်များ ပါဝင်သည်။ စစ်တမ်းကောက်ယူခြင်းတွင် ၂၀၁၆ ဒီဇင်ဘာမှ ၂၀၁၇ ဇန်နဝါရီအထိ ထိခိုက်ဒဏ်ရာရမှု အချက်အလက်များနှင့် ၂၀၀၈ ဇန်နဝါရီမှ ၂၀၁၇ အောက်တိုဘာလအထိ သတင်းပေးပို့သူများထံမှ ရရှိသော အချက်အလက်များ ပါဝင်သည်။

139 Amnesty International, “Myanmar Army landmines along border with Bangladesh pose deadly threat to fleeing Rohingya,” 9 September 2017; and Human Rights Watch, “Burma: Landmines Deadly for Fleeing Rohingya,” 23 September 2017.

မြေယာပိုင်ဆိုင်မှု၊ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများအသုံးပြုခြင်းများအတွက် အဟန့်အတားအဖြစ် ဆက်လက်ရှိနေပြီး၊ ထိုအရာအားလုံးတွင် နောက်ဆက်တွဲ ဖြစ်စဉ်များနှင့် အတိုင်းအတာများ ရှိသည်။[140]

၂၀၁၇ ခုနှစ် ဖွန်လတွင် မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor နှင့် UN တို့က မြန်မာနိုင်ငံအတွင်း မြေမြုပ်မိုင်းအသုံးပြုမှု သတ်ရောက်မှု သတင်းရုပ်ပုံကားချပ်ကို ထုတ်ပြန်ခဲ့သည်။ [141]

### *စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများ*

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်က ကျန်ခဲ့သော မော်တာများ၊ လက်ပစ်ဗုံးများ၊ အမြောက် ကျည်များ၊ လက်နက်များ အပါအဝင် စစ်အတွင်း ကျန်ရစ်ခဲ့ပေါက်ကွဲစေသည့် ပစ္စည်းများ၏ သက် ရောက်မှုလည်း ခံနေရသည်။ သို့သော် မည်သည့်နေရာတွင် ရှိနေသည်နှင့် မည်မျှပြန်နှံ့နေသည်ကို မသိရပေ။[142] ၂၀၁၅ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၆ ခုနှစ် အစောပိုင်း ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်နွယ်သော စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေ သော ပစ္စည်းများ ပျံ့နှံ့မှု အသစ် ဖြစ်ပေါ်နေကြောင်း တွေ့ရသည်။[143]

### **လုပ်ငန်းအစီအစဉ် စီမံခန့်ခွဲမှု**

၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ အစိုးရတွင် မိုင်းအရေးဆောင်ရွက်ရန် ရှင်းလင်းသော လမ်းညွှန်ချက် ထုတ်ပြန်ထားခြင်း သို့မဟုတ် ထိုလုပ်ငန်းကို တာဝန်ခံညှိနှိုင်းဆောင်ရွက်ရန်အတွက် ဌာနတစ်ခု တည်ထောင်ခြင်း မရှိသေးပေ။[144] ၂၀၁၇ ခုနှစ်မေလတွင် ပြည်ထောင်စု ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝဏ္ဏအောင်က တပ်မတော်သည် မိုင်းရှင်းလင်းရေးအတွက် ဦးဆောင်မည်ဖြစ်ပြီး နိုင်ငံတကာနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကိုလည်း လက်ခံနိုင်ဖွယ်ရှိသည်ဟု ပြောဆိုခဲ့သည်။ မိုင်းရှင်းလင်းခြင်းကို ကရင်ပြည်နယ်တွင် ကရင့်အမျိုးသားအစည်းအရုံးနှင့် ပူးတွဲ၍ ကနဦး စတင်နိုင်ဖွယ်ရှိသည်ဟု သူက ပြောဆိုခဲ့သည်။[145] ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နယူးဇီလန်သံအမတ်ကြီးနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ စစ်တပ်အကြား အကူအညီပေးခြင်းနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများအတွက် ပြောဆိုဆွေးနွေးခဲ့သည်။[146]

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရဟောင်းက မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) ၏ အောက်တွင် မြန်မာနိုင်ငံမိုင်းအရေးဆောင်ရွက်မှုဌာန (MMAC) တခုတည်ထောင်ရန် မူအရ သဘောတူခဲ့သည်။ သို့သော် ဌာနအတွက် မည်သည့်အခါမှ ဝန်ထမ်းခန့်အပ်ခြင်းမရှိခဲ့ပေ။ မိုင်းစစ်တမ်းကောက်ယူခြင်းနှင့် မိုင်းရှင်းလင်းခြင်း ဆောင်ရွက်ရန်အတွက် တနိုင်ငံလုံးတိုက်ခိုက်မှုရပ်စဲသဘောတူစာချုပ် အရင်ချုပ်ဆိုရန် လိုအပ် သည်ဟု အစိုးရက ပြောခဲ့သည်။[147]

၂၀၁၆ ခုနှစ် မတ်လအကုန်တွင် MPC ကိုဖျက်သိမ်းခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို အစီရင်ခံရသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖြင့် အစားထိုးခဲ့သည်။ တနိုင်ငံလုံး တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အတွက် ဆွေးနွေးညှိနှိုင်းမှုသည် သူမဦးဆောင်သော အစိုးရအဖွဲ့၏ ဦးစားပေးဟု နိုင်ငံတော်အတိုင်ပင်ခံကောင်စီက ပြောဆိုခဲ့သည်။ ၎င်း၏ ပထမဆုံး အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်သူများက မိုင်းအန္တရာယ်နှင့် မိုင်းရှင်းလင်းရေး လိုအပ်ချက် ကို အလေးထားပြောဆိုခဲ့သည်။[148] ၀၁၆ ခုနှစ် ဩဂုတ်လတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တွေ့ဆုံချိန်တွင် မိုင်းရှင်းလင်းရေးကိစ္စရပ်များကို ဆွေးနွေး ခဲ့သည်။ [149] ၂၀၁၆ ခုနှစ်မေလ၊ နေပြည်တော်တွင် ပြုလုပ်သော

---

140 "မြန်မာနိုင်ငံတောင်ဖက်ခြမ်းအခြေအနေသုံးသပ်ချက်၊ "မြန်မာနိုင်ငံသတင်းစီမံခန့်ခွဲမှုယူနစ် (MIMU Peace Support Fund, September 2016. MIMU သည် ယူအန်ဌာနေ နှင့် လူသားချင်းစာနာသော တာဝန်ခံညှိနှိုင်းရေးရုံးအောက် ယူအန်အခြေစိုက်အလုပ်အဖွဲ့နှင့် လူသားချင်းစာနာသော ဌာနေကိုယ်စားလှယ်အဖွဲ့အတွက် ဆောင်ရွက်ပေးသည်။

141 "Townships with Known Landmine Contamination (2016) and Casualties in Myanmar (as of Dec 2015)," MIMU, 15 June 2017. Infographic provides a 10-year overview of data from the Landmine Monitor (2007–2016).

142 ဥပမာ နေသွင် ၏ "ဒုတိယကမ္ဘာစစ်အတွင်း ကျန်ရစ်ခဲ့သောပေါက်ကွဲပစ္စည်းများကြောင့် သုံးဦးသေ။" ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀ မတ် ၂၀၁၂။ "WWII bomb kills 7 in Arakan." ဧရာဝတီ၊ စက်တင်ဘာ ၁ ၂၀၁၁။ မင်းသားလေး၊ "မန္တလေးလုပ်သားများ ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးများ ရှာတွေ့" Myanamr Times, Vol 23, No.455, ဇန် ၂၆ မှ ဖေ ၁ ၂၀၀၉.

143 ရှု ဥပမာ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ တိုက်ပွဲမှ မပေါက်ကွဲပဲကျန်ရစ်ခဲ့သည့်လေကြောင်းဗုံး။ "UPDATE REPORT: Gidon Post Bombarded by Burma Airforce," Free Burma Rangers, 7 October 2016.

144 Interview with Aksel Steen-Nilsen, Country Director, NPA and Greg Crowther, Regional Director, South and South East Asia, MAG, in Phnom Penh, 1 May 2017; and email from Melissa Andersson, Programme Manager, NPA, Yangon, 27 September 2017.

145 Ye Khaung Nyunt, "Second day of 10th Union Joint Monitoring Committee meeting in Yangon," Global New Light of Myanmar, 5 May 2017.

146 MNA, "Senior General meets New Zealand Ambassador," Global New Light of Myanmar, 27 August 2017.

147 Roger Fasth နှင့် Pascal Simon (ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့), "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

148 ရှု ဥပမာ။ ငြိမ်းချမ်းရေးညီလာခံ(၂၁ရာစုပင်လုံ) NLD မှ ဒေါ်ဝင့်ဝါထွန်းက ကယားပြည်နယ်မှ သူမ၏ရွာဒေါ်မြို့အကြောင်းပြောဆိုခဲ့သည်။ မြေမြုပ်မိုင်းများသည်ဒေသခံပြည်သူများ၏ ဘဝရှင်သန်မှုကို ခြိမ်းခြောက်သောကြောင့် ပြည်သူများ မလုံခြုံမှုကို ခံစားနေရသည်။" "Union Peace Conference—21st Century Panglong continues," Global New Light of Myanmar, 2 September 2016.

149 "C-in-C Senior-General Min Aung Hlaing holds talks with UN Chief, diplomat," Global New Light of Myanmar, 1 September 2016.

အမျိုးသားလူငယ်ကွန်ဖရင့်က တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို မိုင်းရှင်းလင်းရန် တောင်းဆိုခဲ့သည်။[150] ထိုနှစ် အတွင်း မိုင်းရှင်းလင်းရေးအတွက် လူထုအခြေပြုအဖွဲ့အစည်းအများအပြားက တောင်းဆိုခဲ့သည်။ (မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းမူဝါဒကိုရှု။)

လူမှုရေးလုပ်ငန်းဌာန သည် မြန်မာနိုင်ငံမိုင်းအန္တရာယ်လျော့ပါးရေးအလုပ်အဖွဲ့ (MRWG) ကိုဦးဆောင်သည်။ ထိုအလုပ်အဖွဲ့ကို UNIFCEF က ပူးတွဲ ဥက္ကဌအဖြစ်သီးဆောင်ပြီး ဝန်ကြီးဌာန ၁၀ ခုနှင့် နိုင်ငံတကာ နှင့် ပြည်တွင်း အဖွဲ့အစည်း ၄၁ ဖွဲ့ ဖြင့် ဖွဲ့စည်းထားသည်။ ထိုအလုပ်အဖွဲ့သည် ၃ လ တခါတွေ့ဆုံပြီး အန္တရာယ်လျော့ပါးရေး ပညာပေးခြင်းနှင့် ထိခိုက်နစ်နာသူများအတွက် အကူအညီပေးခြင်းကို အလေးထားဆွေးနွေးသည်။ လုပ်ငန်းစဉ်အတွင်း မိုင်းဖြန့်ကျက်မှုအတွက် စနစ်တကျစစ်တမ်းကောက်ယူခြင်း၏ ပထမအဆင့်များကို ကြီးကြပ်ခဲ့သည်။

နိုင်ငံတကာမိုင်းဖေါ်ခြင်း ဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်ကြသော APOPO၊ DanChurch အကူ အညီ ပေးရေးအဖွဲ့(DCA)၊ ဒိန်းမတ်မိုင်းဖေါ်ခြင်းဆောင်ရွက်သူများအဖွဲ့ (DDG)၊ မိုင်းအရေး ဆောင်ရွက် မှု ဆွစ်ဖောင်ဒေးရှင်း (FSD)၊ HALO Trust အဖွဲ့၊ မိုင်းအရေးအကြံပေးအဖွဲ့ (MAG)နှင့် NPA တို့သည် ၂၀၁၁ ခုနှစ်မှစ၍ ရန်ကုန်တွင် ရုံးခန်းများဖွင့်လှစ်ထားခဲ့ကြသည်။ ၎င်းတို့သည် အစိုးရထံမှသော်လည်း အစိုးရမဟုတ်သော အဖွဲ့များမဟုတ်သော အဖွဲ့အစည်းများထံမှသော်လည်းကောင်း မိုင်းအမှတ်အသားပြုခြင်း၊ ရှင်းလင်းခြင်းအတွက် ခွင့်ပြုချက် မရသေးပေ။

**မိုင်းကင်းမဲ့မြေ သတ်မှတ်ခြင်း**

မိုင်းအရေးဆောင်ရွက်သူများသည် အစိုးရထံမှသော်လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ သော်လည်းကောင်း မိုင်းနေရာသတ်မှတ်ခြင်း သို့မဟုတ် ရှင်းလင်းခြင်းအတွက် ခွင့်ပြုချက် မရသေးပေ။ သို့သော် လူမှုရေးလုပ်ငန်းဌာနသည် ၂၀၁၆ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တချို့ အစိုးရထိမ်းချုပ်သော ဒေသများတွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှု အပြည့်အဝဆောင်ရွက်ခွင့်ကို သဘောတူခွင့်ပြုခဲ့သည်။

ကယားပြည်နယ်အတွင်း အန္တရာယ်လျော့ပါးရေးပညာပေးခြင်းနှင့် လူမှုအသိုင်းအဝန်းလုံခြုံမှု သတ်မှတ်ခြင်း လုပ်ငန်းများကို ၂ နှစ်တာ ဆောင်ရွက်ပြီးနောက် MAG သည် လူမှုရေးလုပ်ငန်းဌာနမှ အစိုးရထိန်းချုပ်ဒေသများအတွင်း စမ်းသပ်စစ်တမ်း ကောက်ယူမှုယူရန် ခွင့်ပြုချက် ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်မှ အောက်တိုဘာလအတွင်း လွိုင်ကော်မြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၁၆ ရွာတွင် အဓိက ထားဆောင်ရွက်ခဲ့သည်။ စစ်တမ်းအဖွဲ့များသည် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော လက်နက်ပစ္စည်းများနှင့်လူသတ်မိုင်း ဖြန့်ကျက်သော မြေဧရိယာ ၄၄ ၈၂၈ မီတာ ပတ်လည်ကျယ်ဝန်းသော အန္တရာယ်ရှိဒေသ ၄၇ ခုအနက် နေရာ ၃၀ ကို စစ်တမ်းကောက်ယူခဲ့သည်။ ဒီဇင်ဘာလတွင် လူမှုရေးလုပ်ငန်းဌာနသည် မြို့နယ် ၆ မြို့နယ်အတွင်း ကျေးရွာပေါင်း ၇၄ ရွာတွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုအတွက် MAG ကို ခွင့်ပြုခဲ့သည်။ ၂၀၁၇ ခုနှစ်ဖွန်လအကုန်တွင် MAG သည် မြေနေရာအကျယ် ၇၇၇၈၂ မီတာ အန္တရာယ်ရှိဒေသ ၇၈ ခုတွင် စစ်တမ်းကောက်ယူခဲ့သည်။ MAG သည် ပဋိပက္ခဒေသ အပြင်ဖက်ဓါတ်အားပေးတာဝါတိုင်အနီးတွင် မိုင်းများ ရှာဖွေတွေ့ရှိခဲ့သဖြင့် တခြားအရေးကြီးသော အခြေခံ အဆောက်အအုံများအနီးတဝိုက် စုံစမ်းမှုများပြုလုပ်ရန် အရေးကြီးမှုကို မီးမောင်းထိုးပြနေသည်။[151]

၂၀၁၇ ခုနှစ်တွင် MAG သည် ကယားပြည်နယ် မြို့နယ် ၇ မြို့နယ် အားလုံးတွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်း ကောက်ယူမှုအတွက် အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် လူမှုအသိုင်းအဝန်းဆက်ဆံရေးအဖွဲ့ ငါးဖွဲ့ကို တာဝန် ပေးခဲ့သည်။ ရှမ်းပြည်နယ် စစ်တမ်းကောက်ယူရန် စစ်တမ်းကောက်ယူရေးအဖွဲ့ ၄ ဖွဲ့ ရှိပြီး တောင်ကြီးမြို့အပြင်ဖက်နှင့် မြို့နယ် သုံးခုတွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှု အပြည့် ကောက်ယူခြင်းနှင့် တခြားမြို့နယ် နှစ်နစ်ခုတွင် လူမှုအသိုင်းအဝန်းလုံခြုံမှုသတ်မှတ်ခြင်းဆောင်ရွက်ရန်အတွက် တာဝန်ပေးခဲ့သည်။ ကရင်ပြည်နယ်တွင် လူမှုအသိုင်းအဝန်းအတွင်း ကနဦးစစ်တမ်းများကောက်ယူရန် အလုပ်အဖွဲ့နှစ်ဖွဲ့ရှိခဲ့ပြီး အစိုးရ ထိန်းချုပ်ခြင်းမဟုတ်သော ဒေသများအတွင်း စစ်တမ်းကောက်ယူရန် ဒေသခံအဖွဲ့တစ်ဖွဲ့နှင့်ဆောင်ရွက်ခဲ့သည်။ အလားတူ တန်သာရီတိုင်းဒေသကြီး တောင်ဖက်ခြမ်းတွင် အဖွဲ့ငယ် ၃ ဖွဲ့ရှိခဲ့သည်။[152]

HALO Trust အဖွဲ့သည် လူမှုရေးလုပ်ငန်းဌာနနှင့် သဘောတူလက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာအရ ကရင်ပြည်နယ် မြို့နယ် ၇ မြို့စလုံးနှင့်၊ပဲခူး၊ မွန်၊ ကချင် နှင့် ရှမ်းပြည်နယ်ရှိ တချို့မြို့နယ်များတွင် မိုင်းအန္တရာယ်လျော့ပါးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ကရင်ပြည်နယ် ဘားအံ့မြို့ ရှမ်းပြည်မြောက်ဖက် လာရှိုးမြို့များတွင် ရုံးများဖွင့်လှစ်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင်နားလည်မှုစာချွန်လွှာ ကို ပြန်လည်ပြုပြင်ခဲ့သဖြင့် ရှမ်းပြည်နယ် အတွင်း မြို့နယ် ၁၈ မြို့နယ်အထိ လုပ်ငန်းဆောင်ရွက်ခွင့် ဧရိယာ တိုးချဲ့ခြင်းနှင့် နည်းပညာမပါ အလွတ်သဘော

150 “Youth Empowerment: Myanmar’s young people want an active role in the running of their country,” Mizzima Weekly, 9 June 2016, p. 22.

151 Interview with Greg Crowther, MAG, in Phnom Penh, 1 May 2017; “Preliminary results of MAG’s Non-Technical Survey in Kayah State,” received by email from Greg Crowther, MAG, 2 May 2017; and Greg Crowther, Josephine Dresner, and Michael Aaron, “Mine Action in Burma, Building Trust and Incremental Gains,” Journal of Conventional Weapons Destruction, Issue 21.2, July 2017.

152 Email from Bekim Shala, Country Director, MAG, 27 September 2017.

စစ်တပ်မ်းကောက်ယူမှု ပါ ခွင့်ပြုခဲ့သည်။ HALO Trust အဖွဲ့သည် ကရင်ပြည်နယ် မြို့နယ်သုံးခု (လှိုင်းဘွဲ့၊ဘားအံ့ နှင့် သံတောင်ကြီး) တွင် အလုပ်လုပ်ကိုင်နေပြီး ဗဟုဂံမြေပုံဆွဲရန် စစ်တမ်းအဖွဲ့ သုံးဖွဲ့ကို တာဝန်ချထားခဲ့သည်။ ရှမ်းပြည်နယ်တွင် HALO အဖွဲ့သည် မိုင်းအန္တရာယ်လျော့ပါးရေးပညာပေးလုပ်ငန်းများလည်း ဆောင်ရွက်နေသည်။[153]

ကချင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊ကယားပြည်နယ်များတွင် အန္တရာယ်လျော့ပါးရေးပညာပေးလုပ်ငန်းအတွက် အဖွဲ့ ၆ ဖွဲ့ဖြင့် ဆောင်ရွက်နေသော DDG သည် ကယားပြည်နယ်ဒီမောဆို မြို့နယ်တွင် နည်းပညာမပါအလွတ်သဘော စစ်တမ်းကောက်ယူခွင့်ကို လူမှုရေးလုပ်ငန်းဌာနမှ ခွင့်ပြုချက်ရရှိခဲ့သည်။ ၂၀၁၇ ခုနှစ် မေလမှစ၍ စစ်တမ်းကောက်ယူသူ သုံးဦးပါသော အဖွဲ့ငယ် ၂ ဖွဲ့ကို နေရာချထားခဲ့သည်။ [154]

**မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ ပညာပေးလုပ်ငန်းများ**

၂၀၁၇ ခုနှစ် စက်တင်ဘာလမှစ၍ အနည်းဆုံး အဖွဲ့အစည်း ၉ ခုသည် အန္တရာယ်လျော့ပါးရေးပညာပေး ပရောဂျက် ၁၃ ခု ကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဖက်ခြမ်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကောင်ထည်ဖေါ်ခဲ့သည်။

153 Email from Samuel Fricker, Programme Manager, HALO Trust, 25 September 2017.

154 Email from Pascal Simon, Programme Manager, DDG, 28 September 2017; and DRC/DDG, "Deployment and activities in Myanmar," July 2017.

**မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်သူများ**[155]

| တည်နေရာ | ပြည်တွင်းဆောင်ရွက်သူ | နိုင်ငံတကာဆောင်ရွက်သူ |
|---|---|---|
| **ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း** | နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီ နှင့် ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့ | Dan Church Aid (DCA) |
| **ကချင်ပြည်နယ်** | | ဒိန်းမတ်ဒုက္ခသည်ကော်မတီ (DRC) |
| **ကယားပြည်နယ်** | ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန နှင့် ဒေသခံဖွံ့ဖြိုးရေးကွန်ယက်၊ ပညာရေး၊ စီမံကိန်းနှင့် သင်တန်းဌာန | DCA-Norwegian Church Aid (NCA) and MAG |
| **မွန်ပြည်နယ်** | နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီ နှင့် ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့ | DCA |
| **မြောက်ပိုင်း ရှမ်းပြည်နယ်** | ကရင်လူငယ်အစည်းအရုံး နှင့် ရှမ်းပြည်နယ် လူငယ် ကွန်ယက်ကော်မတီ | HALO, DRC, and DCA-NCA |
| **တောင်ပိုင်း ရှမ်းပြည်နယ်** | | MAG |
| **တနင်္သာရီ တိုင်းဒေသကြီး** | ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့၊သစ်တောဌာနနှင့် ပညာရေး၊ စီမံကိန်းနှင့် သင်တန်းဌာန | DCA<br>DCA-NCA |

ထို့အပြင် ICRC က လေ့ကျင့်ပေးထားသော အမျိုးသားလူမှုအသိုင်းအဝန်းအဖွဲ့သည်လည်း အန္တရာယ်လျော့ပါးရေး ပညာပေးမှုများ ဆောင်ရွက်သည်။[156]

*Monitor သည် မိုင်းအရေးပြန်လည်သုံးသပ်ချက်အဖွဲ့ ၏ ကူညီပံ့ပိုးမှုများကို အသိအမှတ်ပြုပါသည်။ ထိုအဖွဲ့သည် ၂၀၁၇ ခုနှစ်အတွင်း စစ်တမ်းကောက်ယူခြင်း၊ မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ အပါအဝင် မိုင်းအရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ Monitor၏ မြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အစီရင်ခံစာအတွက်လည်း အချက်အလက်များ မျှဝေခဲ့သည်။အင်တာနက်အွန်လိုင်းတွင် ဖော်ပြသော အချက်အလက်များ၊ ပုံနှိပ်ထုတ်ဝေသော စာစောင်ပါအချက်အလက်များအလုံးအတွက် Monitor အဖွဲ့တွင်သာ တာဝန်ရှိပါသည်။*

155 MIMU, "Myanmar, Who/What/Where, Mine Action, All Agencies," 27 September 2017.
156 ICRC, "Annual Report 2016," p. 328.

**မိုင်းအရေးဆောင်ရွက်မှု အထောက်အပံ့များ**

၂၀၁၆ ခုနှစ်တွင် အလှူရှင် ၇ နိုင်ငံက မြန်မာနိုင်ငံကို မိုင်းအရေးဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၆.၃ သန်း ထည့်ဝင်ခဲ့သဖြင့် ၂၀၁၅ ခုနှစ်မစ၍ ၄၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ [157]

ဆွစ်ဇာလန် နှင့် ဂျာမဏီ နိုင်ငံသည် အများဆုံးထည့်ဝင်သော နိုင်ငံများဖြစ်ကြပြီး စုစုပေါင်း ဒေါ်လာ ၄.၅ သန်း ရှိသဖြင့် စုစုပေါင်းထည့်ဝင်မှု၏ ၇၀ ရခိုင်နှုန်းကျော်ရှိခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း နိုင်ငံတကာမှ ထည့်ဝင်မှုများသည် နည်းပညာမပါသော အလွတ်သဘော စစ်တမ်းကောက်ယူခြင်း၊ အန္တရာယ်လျော့ချရေးပညာပေးခြင်း သို့မဟုတ် ICRC နှင့် တခြားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တဆင့် ထိခိုက်နစ်နာသူများအတွက် အကူအညီပေးသော လုပ်ငန်းများအတွက် ဖြစ်ခဲ့သည်။

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှုများ - ၂၀၁၆** [158]

| အလှူရှင် | ကဏ္ဍ | ပမာဏ (သက်ဆိုင်ရာနိုင်ငံများ၏ငွေကြေး) | ပမာဏ ($) |
|---|---|---|---|
| **ဆွစ်ဇာလန်** | အန္တရာယ်လျော့ချရေးပညာပေးခြင်း နှင့် မိုင်းသင့်ဒဏ်အကူအညီ | CHF3,199,880 | 3,249,269 |
| **ဂျာမဏီ** | မိုင်းသင့်ဒဏ်အကူအညီ | €1,124,002 | 1,244,495 |
| **အင်္ဂလန်** | အန္တရာယ်လျော့ချရေးပညာပေးခြင်း | £649,314 | 880,145 |
| **နော်ဝေ** | နည်းပညာမပါသော အလွတ်သဘော စစ်တမ်းကောက်ယူခြင်း နှင့်အန္တရာယ်လျော့ချရေးပညာပေးခြင်း | NOK3,100,000 | 369,329 |
| **ဥရောပသမဂ္ဂ** | အန္တရာယ်လျော့ချရေးပညာပေးခြင်း | €316,284 | 350,190 |
| **ဘယ်လ်ဂျီယမ်** | အန္တရာယ်လျော့ချရေးပညာပေးခြင်း | €90,000 | 99,648 |
| **အိုင်ယာလန်** | အန္တရာယ်လျော့ချရေးပညာပေးခြင်း | €70,000 | 77,504 |
| **စုစုပေါင်း** | | | **6,270,580** |

၂၀၁၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ပေးသော နိုင်ငံတကာအကူအညီများသည် အတက်အကျ သိသိ သာသာ တွေ့ရသည်။ ၂၀၁၄ ခုနှစ်တွင် ဒေါ်လာ ၃.၄ သန်းမှ ၂၀၁၅ တွင် ဒေါ်လာ ၁၁.၇ သန်း အထိ မြင့်မားခဲ့သည်။

157 ဘယ်လဂျီယမ်၊ Belgium, Mine Ban Treaty Article 7 Report, Form J, ဧပြီ ၃၀၊ ၂၀၁၇။ ဂျာမဏီ, Convention on Conventional Weapons (CCW) Amended Protocol II Annual Report, Form E, and Annex, ၃၁ မတ် ၂၀၁၇; အိုင်ယာလန်, CCW Amended Protocol II Annual Report, Form E, and Annex 1, ၃၀ မတ် ၂၀၁၇။ ဆွစ်ဇာလန်, Convention on Cluster Munitions Article 7 Report, Form I, ၂၈ ဧပြီ ၂၀၁၇။ အင်္ဂလန်, Mine Ban Treaty Article 7 Report, Form J, ဧပြီ ၃၀၊ ၂၀၁၇; Monitor ၏ မေးခွန်းများကို Frank Meeussen မှ ဖြေဆိုခြင်း။ Disarmament, Non-Proliferation and Arms Export Control, European External Action Service, ၃၀ စက်တင်ဘာ ၂၀၁၇; နှင့် Ingrid Schoyen မှ အီးမေး, Senior Adviser, Section for Humanitarian Affairs, Norway Ministry of Foreign Affairs, ၃၁ မေ ၂၀၁၇။

158 ၂၀၁၆ ခုနှစ်အတွက် ယေဘုယျငွေလဲနှုန်း: €1=US$1.1072; NOK8.3936=US$1; £1=US$1.3555; CHF0.9848=US$1. US Federal Reserve, "List of Exchange Rates (Annual)," 4 January 2017.

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှု အကျဉ်းချုပ် - ၂၀၁၂ မှ ၂၀၁၆ အထိ** [159]

| နှစ် | နိုင်ငံတကာအကူအညီများ ($) |
|---|---|
| ၂၀၁၆ | 6,270,580 |
| ၂၀၁၅ | 11,677,355 |
| ၂၀၁၄ | 3,373,910 |
| ၂၀၁၃ | 7,892,326 |
| ၂၀၁၂ | 8,503,756 |
| **စုစုပေါင်း** | **37,717,927** |

159 Monitor အစီရင်ခံစာအဟောင်းများကိုကြည့်။ Total for 2013 has been rectified as a result of revised US funding data.

**ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု တားမြစ်ခြင်း မူဝါဒ**

**အကျဉ်းချုပ်။**

သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းမရှိသေးသော မြန်မာနိုင်ငံသည် ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ၏ လူသားချင်းစာနာသော ဆိုးကျိုးသက်ရောက် မှုများ ရှိခြင်းကို အသိအမှတ်ပြုခဲ့သည်။ သို့သော် ၂၀၁၅ ခုနစ်အောက်တိုဘာလတွင် မြနမာနိုင်ငံက တနိုင်ငံလုံး ငြိမ်းချမ်းရေးသဘောတူညီချက် ချုပ်ဆိုနိုင်ခြင်း မရှိသေးရွေ့ ၎င်းအနေဖြင့် သဘောတူခြင်းကို စဉ်းစား၍ မရသေးကြောင်း ပြောဆိုခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် သဘောတူညီချက်ဆိုင်ရာ UN ဆုံးဖြတ်ချက်တွင် မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ၂၀၁၃ခုနှစ်တွင် ကျင်းပခဲ့သော သဘောတူစာချုပ်အစည်းအဝေးသို့မြန်မာနိုင်ငံသည် သည် နောက်ဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့သည်။

ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းများကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် လက်လွှဲ ပြောင်းခြင်း မရှိဟု မြန်မာနိုင်ငံက ထုတ်ဖော်ပြောဆိုသည်။ သို့သော် မြန်မာနိုင်ငံသည် ခေတ်မီ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းနှင့် ပုံစံတူသည့် "ထပ်ဆင့်ပေါက်ကွဲ ပုံစံတူ" ရှိကြောင်း နှင့် ၂၀၁၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ကချင်ပြည်နယ်တွင် အသုံးပြုခဲ့ကြောင်း စွပ်စွဲ ပြောဆိုမှုများ ရှိခဲ့သည်။

**မူ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခု မဟုတ်ပေ။ [160]

ယခင်ကာလများတွင် မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများကြောင့် လူသားချင်း စာနာမှု သက်ရောက်ခြင်းအပေါ် စိုးရိမ်ချက်များ ဖော်ထုတ်ပြောဆိုသော်လည်း သဘောတူ လက်မှတ်ထိုးခြင်းနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ၎င်း၏ ရပ်တည်ချက်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခြင်း မရှိသေးပေ။ [161]

ကုလသမဂ္ဂ အထွေထွေညီလာခံ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ပမထ ကော်မတီ အစည်းအဝေးတွင် မြန်မာနိုင်ငံက "ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းကို တနိုင်ငံလုံး ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိပြီးသည့်နောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ ထည့်သွင်းစဉ်းစားပြီးမှသာ စဉ်းစားနိုင်မည်" ဟုတင်ပြခဲ့သည်။[162]

မြန်မာနိုင်ငံသည် UNGA၏ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများသဘောတူစာချုပ် ဆိုင်ရာ ဆုံးဖြတ်ချက်တွင် မဲမပေးပဲ ကြားနေနေခဲ့ရခြင်းအကြောင်းရင်းနှင့်ပတ်သက်ပြီး ၎င်း၏ ရှင်းလင်းမှုတွင် မျတ်ချပြခဲ့ပြီး၊ စာချုပ်ပြင်ပတွင်ရှိနေသော နိုင်ငံများကို အမြန်ဆုံး ပူးပေါင်းပါဝင်ကြရန် အကြံပြုခဲ့သည်။[163] မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ သဘောတူစာချုပ်အပေါ် ဆုံးဖြတ်ချက်ချမှတ်ခြင်း နောက်တကြိမ်တွင်လည်း မဲမပေးပဲ နေခဲ့သည်။[164]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ် (ကျင်းခေါ်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော အော်စလိုအစည်းအဝေး (Oslo Process) ၏ ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

၂၀၁၀ နှင့် ၂၀၁၂ ခုနှစ် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည်ပုံမှန် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသည် ဂျနီဗာတွင် ကျင်းပသော သဘောတူစာချုပ်ပါ ကဏ္ဍစုံအစည်းအဝေးသို့ တကြိမ် တက်ရောက်ခဲ့သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ဂျနီဗာ မြို့ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ခြောက်ကြိမ်မြောက်အစည်းအဝေးကို မြန်မာနိုင်ငံသည် လေ့လာသူအဖြစ် ဖိတ်ကြားခံရသော်လည်း တက်ရောက်ခဲ့ခြင်းမရှိပေ။

[160] စစ်အစိုးရသည် Burma မှ Myanmar သို့ ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအများစု နှင့် နိုင်ငံအများစုက Burma ဟူသော အမည်ကိုသာ ပိုနှစ်သက်ကြသည်။

[161] မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၃၀ အောက်တိုဘာ ၂၀၁၃။ မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGAပထမကော်မတီအစည်းအဝေး။ နယူးယောက်။ ၁ နိုဝင်ဘာ ၂၀၁၂။

[162] မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၁၅ အောက်တိုဘာ ၂၀၁၅။

163 "Implementation of the Convention on Cluster Munitions," UNGA Resolution 70/54, 7 December 2015.

164 "Implementation of the Convention on Cluster Munitions," UNGA Resolution 71/45, 5 December 2016.

မြန်မာနိုင်ငံသည် မိုင်းအသုံးပြုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ် အဖွဲ့ဝင်မဟုတ်ပေ။ ထို့အပြင် သမာရိုးကျ လက်နက်များ သဘောတူစာချုပ်အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံလည်း မဟုတ်ပေ။

**ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း**

၂၀၀၉ ခုနှစ်နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာအစည်းအဝေးတစ်ခုတွင်ဤသို့ ပြောဆို ခဲ့သည်။ "မိမိတို့ သည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ၊ ဖွံ့ဖြိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ထိန်းသိမ်းခြင်း၊ တခြားသူတစ်ဦးထံ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်၍ လွှဲပြောင်းခြင်း၊ သို့မဟုတ် ကူညီခြင်း၊ ဤ သဘောတူညီချက်အရ တားမြစ်ထားသော လုပ်ငန်းများကို တခြားတစ်ဦးဦးအား လုပ်ဆောင်ရန် အားပေးခြင်း၊ ဆွဲဆောင်ခြင်းများ မပြုလုပ်ပါ။" [165] ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းအား " အထိန်းအကွပ်မရှိ နေရာ အနှံ့ သတ်ရောက် စေသော လက်နက်များ …….လူသားချင်းစာနာသော နောက်ဆက်တွဲ အကျိုး သတ်ရောက်မှုများ ဖြစ်စေနိုင်သော လက်နက်များ။" ဟု မြန်မာနိုင်ငံက ပြစ်တင် ဝေဖန်ခဲ့သည်[166]

၂၀၁၅ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံများကို ၎င်းသည် လက်နက်ကိုင်ပဋိပက္ခ၏ လိုက်နာရမည့်ဥပဒေနှင့် အခြေခံစည်းမျဉ်းများကို လိုက်နာကြောင်း တင်ပြခဲ့သည်။ "မိမိတို့၏ လက်နက်ကိုင် တပ်ဖွဲ့များသည် စစ်ဆင်ရေးများတွင် တိတိကျကျလိုက်နာကြသည်။ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများကို မည်သည့် စစ်ဆင်ရေးတွင်မှ အသုံးပြုခဲ့ခြင်းမရှိပေ။" [167]

မြန်မာနိုင်ငံသည် ၁၂၂ မီလီမီတာ အမျိုးအစား ၈၁ နှင့် ၉၀ ဘီ အမျိုးအစား နှင့် မြေပြင်မှ မြေပြင်ပစ် ၂၄၀ မမ ရော့ကက်လောင်ချာတို့ ပိုင်ဆိုင်သည်။ သို့သော် ၎င်းကျည်များတွင် ထပ်ဆင့်ပေါက်ကွဲ ပုံစံများ ပါမပါတော့ မသိနိုင်ပေ။ [168]

***ယခင်ကာလ စွပ်စွဲပြောဆိုမှုများ***

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက် "Cluster adapter" တစ်ခု လက်ဝယ်ရရှိခဲ့ပြီး၂၀၁၂ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်း မြောက်ပိုင်းဒေသ ကချင်လွတ်လပ်ရေးတပ်မတော်နှင့် တပ်မတော် တိုက်ပွဲများ တွင် အသုံးပြုခဲ့သည်ဟု ပြောဆိုမှုများရှိခဲ့သည်။ [169] အဆိုပါလက်နက်သည် ခေတ်မှီထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်နှင့် ပုံစံတူသည်။

ဂန်းဒုံရမ်တွင် တပ်ဆွဲထားသော အစိုးရတပ်ဖွဲ့များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ တွင် ကချင်ပြည် တောင်ဖက်ခြမ်း လိုင်ဇာအနောက်ဖက် ၅ မိုင်အကွာတွင် ရှိသော မဟာဗျူဟာအရ အရေးပါသည့် ခါယာဘန် တောင်ကုန်း တိုက်ခိုက်မှုတွင် KIA တပ်ဖွဲ့များအား ထပ်ဆင့်ပေါက်ကွဲ လက်နက်များနှင့် တိုက်ခိုက်ခဲ့သည်ဟု KIA က အခိုင်အမာ ပြောဆိုခဲ့သည်။ [170] ကချင်အမျိုးသား ကောင်စီ တွဲဖက်အတွင်းရေးမှူးက CMC ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် လေယာဉ်ပေါ်မှ ကြဲချသော အမျိုးအစားမသိပုံး ဓါတ်ပုံထုတ်ပြခဲ့ပြီး၊ ဒုတိယကမ္ဘာစစ် အတွင်း အသုံးပြုခဲ့သော ပေါင် ၂၀ လေးသည့် ဖြန့်ထွက်ပုံးများ ဖြစ်သည်ဟု အတည်ပြုခဲ့သည်။ ၎င်းပုံးများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက် နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့ မြန်မာတပ်မတော် (လေ) မှ KIA မဟာဗျူဟာကျသော ရှေ့တန်းစခန်းများကို လေကြောင်း တိုက်ခိုက်မှုအတွင်း အသုံးပြုခဲ့သည်။ ကချင်အမျိုးသား ကောင်စီ၏ အဆိုအရ "မြန်မာနိုင်ငံ ပြည်တွင်းစစ်တွင် အရင်က တခါမှ အသုံးပြုခဲ့ခြင်း မရှိသော ပုံး အမျိုးအစား" ဖြစ်ကြောင်း ပြောဆိုသည်။''[171]

အလားတူပုံးအစများကို တိုက်ပွဲဖြစ်သည့်နေရာမဟုတ်သော နေရာတခုသို့ ကားဖြင့်သယ်ဆောင် သွားသည့် ဓါတ်ပုံများကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က လက်ခံရရှိခဲ့သည်။[172] HRW သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အစိုးရတပ်များက လိုင်ဇာကို လေကြောင်း တိုက်ခိုက်မှု လုပ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။[173] မြန်မာအစိုးရက နောက်ပိုင်းတွင် လိုင်ဇာကို ပုံးကြဲ တိုက်ခိုက်ခဲ့ကြောင်း ဝန်ခံခဲ့သည်။[174]

---

165 ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၀၉ ။

166 Ibid.

167 မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၁၅ အောက်တိုဘာ ၂၀၁၅။

168 ““မြန်မာနိုင်ငံကာကွယ်ရေးလက်နက်များ။၂၀ မတ်လ ၂၀၁၄။ လှဦး၏ မြန်မာ့တပ်မတော်၏MRLSသို့မဟုတ်ရော့ကက်မျိုးစုံပစ်နိုင်သောစနစ်ကို အင်္ဂလိပ်လို ဘာသာပြန်ဆိုမှု။ ၂၃၊မတ် ၂၀၁၄။

169 မြန်မာအစိုးရစစ်တပ်သည် ဖြန့်ထွက်ပုံးခြောက်လုံးတပ်ဆင်ခဲ့ပြီး လေယာဉ်ပေါ်မှ ကြဲချသည့်အချိန်တွင် ပုံးချိတ်တွဲမှ သီးခြားခွဲထွက်သည်ဟူသော သက်သေများ ရှိသည်။

170 ‘‘လိုင်ဇာအနီး KIO အဓိကစခန်းအား သိမ်းယူရန် အစိုးရစစ်တပ်သည် ထပ်ဆင့်ကွဲပုံးများ အသုံးပြုခဲ့သည်။ ကချင်သတင်းအဖွဲ့။ ၂၆ ဇန် ၂၀၁၃။

171 ကချင်အမျိုးသားကောင်စီတွဲဖက်အတွင်းရေးမှူး ခွန်ထွန်မှပေးပို့သော အီးမေးတွင်ပါသော ဓါတ်ပုံများ။ ၉ ဧပြီ ၂၀၁၃။

172 ဘာတေးလင့်တနာထံမှ အီးမေး၊၂၅ မတ် ၂၀၁၃

173 HRW သည် ၂၀၁၃ ခုနှစ် ဇန် ၁၄ ရက်နေ့ လိုင်ဇာတိုက်ခိုက်မှုကို မှတ်တမ်းတင်ခဲ့သည်။ အရပ်သား ၃ ဦး သေဆုံးခဲ့သည်။ HRW သတင်း ထုတ်ပြန်ချက်။ "မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်း မဆင်မခြင် တိုက်ခိုက်မှုများ" ၁၇ ဇန် ၂၀၁၃။

ဓါတ်ပုံတွင် မြင်တွေ့ရသည့် "ထပ်ဆင့်ပေါက်ကွဲပုံစံတူ" နှင့် ပေါင် ၂၀ လေးသော ဖြန့်ထွက် ဗုံး များသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထိန်းချုပ်ခြင်း သဘောတူစာချုပ်ပါ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်း ဖွင့်ဆိုချက်တွင် အကျုံးဝင်သည်။ [175]

[174] HRW မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ထုတ်ပြန်ချက်အရ "မြန်မာအစိုးရက လိုင်ဇာသို့ ဗုံးကြဲခြင်းကို အစိုးရပြောရေးဆိုခွင့်ရှိသူ ရဲထွင်န်က ဇန်နဝါရီ ၁၄ တွင် ငြင်းဆိုခဲ့သည်။ ၎င်းမတိုင်ခင် ရက်သတ္တပတ်တွင်လည်း သမ္မတရုံးက KIA အား ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်များနှင့် လေကြောင်း တိုက်ခိုက်မှု မရှိကြောင်း တရားဝင်ငြင်းဆိုခဲ့သည်။ သို့သော် တိုက်ခိုက်မှု ဗွီဒီယိုဖိုင်သတင်းအစီရင်ခံစာများထွက်ပြီးနောက်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။" HRWသတင်းထုတ်ပြန်ချက်။ "မြန်မာနိုင်ငံ၊ကချင်ပြည်နယ်အတွင်း မဆင်မခြင်တိုက်ခိုက်မှုများ" ၁၇ ဇန် ၂၀၁၃။

[175] ဓါတ်ပုံတွင်မြင်တွေ့ရသော ဗုံးချိတ်တံများသည် အမေရိကန်ထုတ် M1တပ်ဆင့်ပေါက်ကွဲလက်နက်နှင့်ဆင်တူသည်။ ဖြန့်ထွက်ဗုံး အသေးများသည် ခေါတ်မှီပုံစံများဖြစ်ပြီး ဒုတိယကမ္ဘာစစ်သုံစစ်လက်နက်ပစ္စည်းများကပိုကောင်းသည်။အမည်မဖေါ်လိုသူစစ်သားတဦးက ၎င်းလက်နက်ကိုမြန်မာပြည်တွင်ထုတ်သည်ဟု အတည်ပြုသည်။ ထို့အပြင် မြန်မာ့တပ်မတော်သည် ၎င်းလက်နက်များ သုံးသည်ဟု လည်းစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးအရာရှိဟောင်းတဦးက အတည်ပြုခဲ့သည်။။